INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် – ဆန်းစစ်လေ့လာချက်နှင့် အလားအလာများ

### ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာတမ်းတို၊ အစိုးရအကူးအပြောင်းကာလဆိုင်ရာ စာစဉ်

## မိတ်ဆက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် နိုင်ငံတော်အာဏာကို သိမ်းယူလိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုသွေဖည်၍ တစ်နှစ်တာ “အရေးပေါ်အခြေအနေ” ကြေညာကာ နိုင်ငံတော်အာဏာအားလုံးကို ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ကြေညာထားသော "အရေးပေါ်အခြေအနေ" ကို ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ နောက်ထပ်ခြောက်လ သက်တမ်းတိုးထားသည်။ အာဏာသိမ်းပြီးစဉ်မှစ၍ မြန်မာစစ်တပ်သည် အာဏာကိုစုစည်းရန် အင်အားသုံး၍ ကြိုးပမ်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသော စစ်တပ်၏အာဏာသိမ်းယူမှု (Noel 2022 ကိုကြည့်ပါ) အား တုံ့ပြန်သည့်အနေဖြင့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်အမတ်တစ်စုသည် တရားဝင်လွှတ်တော်အားကိုယ်စားပြုရန် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၈၀ ရာခိုင်နှုန်းက တာဝန်ပေးအပ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် အစိုးရဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သာမန်ပြည်သူလူထု အများအပြားသည် နိုင်ငံအနှံ့ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ဖြင့် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်ခဲ့ကြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) ၂၀ ခန့်ရှိသည့်အနက်မှ ၅ ဖွဲ့ခန့်သည် မြန်မာစစ်တပ်နှင့်တိုက်ပွဲများ ပြန်လည်စတင်ခဲ့ကြကာ အများစုမှာ ကချင်၊ ကရင်၊ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင်ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် CRPH သည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (နောင်တွင် ပဋိညာဉ် သို့မဟုတ် FDC ဟုသုံးနှုန်းမည်) (CRPH 2021a) ကို ထုတ်ပြန်ခဲ့သည်။ ပဋိညာဉ်ကို ထုတ်ပြန်ကြေညာသည့်အချိန်တွင် မြန်မာနိုင်ငံသည် လူထုဆန္ဒပြပွဲများနှင့် လျှပ်တပြက် ဆန္ဒပြမှုများ၊ အာဏာဖီဆန်ရေးလှုပ်ရှားမှုများဖြင့် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် နွေဦးတော်လှန်ရေး (နောင်တွင် တော်လှန်ရေးဟုသုံးနှုန်းမည်) ၏ အစောဆုံးအဆင့်တွင် ရှိနေသေးသည်။ စစ်တပ်၏ အကြမ်းဖက်ဖြိုခွင်းမှုနှင့် တစ်ဖက်သတ် ရက်စက်ကြမ်းကြုတ်မှု

များ ပိုမိုဆိုးရွားလာသောကြောင့် အရပ်သားပြည်သူများသည် စစ်တပ်လွှမ်းမိုးချုပ်ကိုင်မှုကို တွန်းလှန်ရန် မိမိကိုယ်ကို ခုခံကာကွယ်ရေးအတွက် အပတ်တကုတ် ကြိုးပမ်းလာကြသည်။ တော်လှန်ရေးသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် လက်နက်ကိုင်တော်လှန်ရေးအဆင့်သို့ ရောက်ရှိခဲ့သည်။ ပဋိညာဉ်နှင့်အညီ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ကိုဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ခုံခံကာကွယ်ရေးစစ်ပွဲ စတင်ကြောင်းကြေညာခဲ့သည်။ တော်လှန်ရေးစတင်ချိန်မှစ၍ မြန်မာစစ်တပ်သည် ၎င်းနှင့် သဘောထားကွဲလွဲမှုများအပေါ် ရက်စက်ကြမ်းတမ်းစွာ နှိမ်နင်းခဲ့ပြီး အထူးသဖြင့် PDF နှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများအား အကြမ်းဖက်အဖွဲ့များအဖြစ်ကြေညာကာ ဖြိုခွင်းရှင်းလင်းရေး၊ စစ်ဆင်ရေးများလုပ်ဆောင်ခဲ့သည်။ အဆိုပါနိုင်ငံရေးအကျပ်အတည်းနှင့် အသွင်ပြောင်းလဲခြင်းဖြစ်ပေါ်နေချိန်တွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်နေ့၌ ဖွဲ့စည်းခဲ့သော အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ဟု အမည်တွင်သည့် တော်လှန်ရေး၏အကျယ်ပြန့်ဆုံးအမျိုးသား ညီညွတ်ရေးအင်အားစုသည် အဆိုပါပဋိညာဉ်အား ပြင်ဆင်တည်းဖြတ်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပသော ပြည်သူ့ညီလာခံတွင် အတည်ပြုခဲ့သည်။

ပြင်ဆင်တည်းဖြတ်ထားသည့် ပဋိညာဉ်သည် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးနှင့် နိုင်ငံသားများ၏ အခွင့်အရေးများအတွက် စံနှုန်းများနှင့် အခြေခံမူများကိုဖော်ပြရာတွင် ယခင်ပဋိညာဉ်ထက် ပိုမိုရှင်းလင်းအသေးစိတ်ပြီး ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမြဲတမ်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်အတွက် ပိုမိုအသေးစိတ်သော လမ်းညွှန်ချက်များ ပါရှိသည်။ ပဋိညာဉ်တွင် အစိတ်အပိုင်းနှစ်ပိုင်းပါဝင်သည်။ အစိတ်အပိုင်း (၁) တွင် အထူးသဖြင့် မြန်မာနိုင်ငံသည် “ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု” ဖြစ်လာမည်ဟူသော အယူအဆအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်ကို ထိန်းကျောင်းပေးသည့် အခြေခံမူများ ပါဝင်သည်။ အစိတ်အပိုင်း (၂) တွင် ကြားကာလအစိုးရအဖွဲ့အစည်းများနှင့် ကြားကာလအတွင်း အဆိုပါအဖွဲ့အစည်းများပြည့်မီရမည့် ရည်မှန်းချက်များအပါအဝင် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခု အသေးစိတ်ရေးဆွဲခြင်း လုပ်ငန်းစဉ်များပါဝင်သည်။

**ပြင်ဆင်တည်းဖြတ်ထားသည့် ပဋိညာဉ်သည် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးနှင့် နိုင်ငံသားများ၏ အခွင့်အရေးများအတွက် စံနှုန်းများနှင့် အခြေခံမူများကိုဖော်ပြရာတွင် ယခင်ပဋိညာဉ်ထက် ပိုမိုရှင်းလင်းအသေးစိတ်ပြီး ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမြဲတမ်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်အတွက် ပိုမိုအသေးစိတ်သော လမ်းညွှန်ချက်များပါရှိသည်။**

ဤမှတ်စုတိုသည် ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်ပါ အဓိကပြဋ္ဌာန်းချက်များကိုလေ့လာ၍ အဓိကအချက်များကိုထောက်ပြပြီး သက်ဆိုင်သောနေရာများတွင် အချို့အရေးကိစ္စများအား မည်သို့ချဉ်းကပ်ဖြေရှင်းထားကြောင်း မေးခွန်းများထုတ်ထားပါသည်။ ဤမှတ်စုတိုကို အဓိကအခန်းသုံးခန်းဖြင့် ဖွဲ့စည်းထားသည်။ အခန်း ၁ တွင် ပဋိညာဉ်ရေးဆွဲ၊ ပြင်ဆင်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ကို ဖော်ပြထားပြီး အခန်း ၂ တွင် ပဋိညာဉ်၏ နိုင်ငံရေးရည်ရွယ်ချက်နှင့် ဥပဒေသဘောသဘာဝကိုလေ့လာ၍ အခန်း ၃ တွင် ပဋိညာဉ်ပါ အကြောင်းအရာများကို အဓိကထား ဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်တွင် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ပထမဆုံးအကြိမ် ထုတ်ပြန်ပြီးနောက် International IDEA Myanmar မှ ရေးသားသည့် ယခင်မှတ်စုတိုအပေါ် အခြေခံ၍ ဤမှတ်စုတိုကို ရေးသားထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံဒီမိုကရေစီ ပြန်လည်ရရှိရေးအတွက် စိတ်ဝင်စားသော၊ ပါဝင်ဆောင်ရွက်နေသော အဓိကပါဝင်ပတ်သက်သူများအနေဖြင့် ဤ

ပဋိညာဉ်၏ ရည်ရွယ်ချက်၊ အစပြုဖြစ်ပေါ်လာပုံနှင့် ပါဝင်သည့်အကြောင်းအရာများကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်စေရန်အတွက် ယခုမှတ်စုတိုအား နောက်ဆုံးပြင်ဆင်တည်းဖြတ်ထားသည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါအချက်များ ထင်ဟပ်ပါဝင်စေလျက် ပြုစုထားပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို ပြန်လည်ထူထောင်ရန်ကြိုးပမ်းသည့် ပဋိညာဉ်၊ CRPH နှင့် NUCC တို့၏ အားထုတ်မှုအပေါ် လူပ်ရှားပါဝင်သူများမှ သိရှိနားလည်ပြီး မိမိတို့၏ သက်ဆိုင်ရာအခန်းကဏ္ဍအတွက် ပြင်ဆင်ထားနိုင်ကြစေရန်ဟူသည့် မျှော်လင့်ချက်ဖြင့် ဤမှတ်စုတိုကို ပြင်ဆင်ထားပါသည်။ ထို့ပြင် ကြားကာလအဖွဲ့အစည်းများ၏ (အထူးသဖြင့် NUCC ၏) ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးရန်အတွက် ဥပဒေနှင့်နိုင်ငံရေးဆိုင်ရာ စဉ်းစားရမည့်အချက်များကိုလည်း ဤမှတ်စုတိုတွင် အလေးပေးဖော်ပြထားပါသည်။

## ၁။ ပဋိညာဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်

### မြန်မာနိုင်ငံမှာ ဘာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် လိုအပ်တာလဲ။

အသစ်ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်း အဝေးကျင်းပမည့်နေ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် နံနက်ခင်းတွင် စစ်တပ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးဝင်းမြင့်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကဲ့သို့သော အဓိကအဖွဲ့အစည်းများမှ အဖွဲ့ဝင်များကို ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ စစ်တပ်က အမည်စာရင်းတင်ထားသည့် (သမ္မတရွေးကောက်ပွဲတွင် ဒုတိယမဲအများဆုံးရသူ) ဒုတိယသမ္မတဦးမြင့်ဆွေအား ယာယီသမ္မတအဖြစ် စစ်တပ်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သွေဖည်ကာကြေညာခဲ့သည်။ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) အစည်းအဝေးကိုကျင်းပရန် ဦးမြင့်ဆွေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခွင့်အာဏာမရှိပေ။ ထိုအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) အား စစ်ဘက်နှင့် ၎င်းတို့မှ အမည်စာရင်းတင်သွင်းထားသော အဖွဲ့ဝင်များသာ တက်ရောက်ခဲ့ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ တစ်နှစ်တာအရေးပေါ်အခြေအနေကြေညာကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းလမ်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့်ခြိမ်းခြောက်မှု ရှိလာမှသာ အရေးပေါ်အခြေအနေကြေညာခွင့်ပြုသည်။ ယနေ့အချိန်အထိ စစ်တပ်သည် အချုပ်အခြာအာဏာ ဆုံးရှုံးစေလောက်သည့် အတိုင်းအတာထိ ကြီးမားသောမဲမသမာမှုသက်သေ တိတိကျကျမပြနိုင်သေးပါ။ ထို့ပြင် မဲမသမာမှုအား 'မတရားသော အဓမ္မနည်းလမ်းများ' ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်ခြင်း ရှိမရှိမှာလည်း တရားဥပဒေအရ သံသယဖြစ်ဖွယ်ရှိသည်။ ထို့ပြင် နိုင်ငံတော်သမ္မတက နိုင်ငံတော်

ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) အဖွဲ့ဝင်အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတကသာ အရေးပေါ်အခြေအနေကြေညာနိုင်သည့် အခွင့်အာဏာရှိ၍ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းကြားရမည်ဟု ပုဒ်မ ၄၁၇ တွင် ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ထုံးလုပ်နည်းကိုလည်း လိုက်နာခဲ့ခြင်းမရှိပေ။ တကယ်တမ်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) အစည်းအဝေးအား အဖွဲ့ဝင်အားလုံးနှင့် မကျင်းပခဲ့ပေ။ ဦးမြင့်ဆွေသည် ယာယီသမ္မတ မဟုတ်သောကြောင့် အရေးပေါ်အခြေအနေကြေညာနိုင်သည့် အခွင့်အာဏာမရှိသကဲ့သို့ ပြည်ထောင်စုလွှတ်တော်ကို အသိပေးခြင်းလည်း မရှိခဲ့ပါ။ စစ်တပ်သည် ၎င်းတို့ကိုယ်တိုင် ရေးဆွဲခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်တိုင်ပြန်လည်ချိုးဖောက်ခဲ့သည်။ ထို့ကြောင့် မည်သို့ပင်အကြောင်းပြစေကာမူ ၎င်း၏ နောက်ဆက်တွဲဆုံးဖြတ်ချက်များနှင့် ခန့်ထားမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီသကဲ့သို့ တရားဝင်ခြင်းလည်းမရှိပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသော အာဏာသိမ်းမှု (Noel 2022) သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား တရားမဝင်ဖြစ်သွားစေပြီး ကျင့်သုံးနိုင်ခြင်းလည်းမရှိတော့သည့် အခြေအနေကို ဖြစ်စေခဲ့သည်။ ထို့ကြောင့် လက်ရှိတွင် မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် လိုအပ်လျက်ရှိသည်။

## ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) သည် ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပါသလား။

**ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်သည် လုပ်ပိုင်ခွင့်အာဏာများအား အကြီးမားဆုံး အတိုင်ပင်ခံအဖွဲ့ဖြစ်သည့် NUCC နှင့် ပြည်သူ့ညီလာခံတွင်သာ စုစည်းတည်ရှိပေးအပ်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဥပဒေနှင့်အညီ တင်းတင်းကျပ်ကျပ် ကျင့်သုံးခြင်းထက် နိုင်ငံရေးသဘောတူညီမှုရရှိရန်ကိုသာ အလေးပေးထားပါသည်။**

မဖြစ်ပါ။ ၎င်း၏ အစိတ်အပိုင်း ၂ တွင် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ပါရှိသော်လည်း ပဋိညာဉ်၏ နိုင်ငံရေးသဘောသဘာဝဆန်မှုကြောင့် ဥပဒေစာချုပ်စာတမ်းထက် နိုင်ငံရေးမူဘောင်စာတမ်းအဖြစ်သာ အကောင်းဆုံးနားလည်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်တွင် အရေးကိစ္စများစွာအတွက် တိကျရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိသေးသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စိစစ်ထိန်းကျောင်းမှုလည်း မပါဝင်ပါ (ဥပမာအားဖြင့် ၎င်း၏ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာမှုရှိစေရန် မည်သည့်တရားရုံးကမှ လုပ်ပိုင်ခွင့်အာဏာမရှိပါ)။ ထို့ပြင် လုပ်ပိုင်ခွင့်အာဏာသည် အကြီးမားဆုံးအတိုင်ပင်ခံအဖွဲ့ဖြစ်သည့် NUCC နှင့် ပြည်သူ့ညီလာခံတွင်သာ စုစည်းတည်ရှိနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဥပဒေနှင့်အညီ တင်းတင်းကျပ်ကျပ် ကျင့်သုံးခြင်းထက် နိုင်ငံရေးသဘော တူညီမှုရရှိရန်ကိုသာ အလေးပေးထားပါသည်။

## ပဋိညာဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် မည်သူတို့ပါဝင်ခဲ့သနည်း။

အာဏာသိမ်းပြီးနောက်ပိုင်းတွင် အာဏာသိမ်းမှုအား ဆန့်ကျင်သော နိုင်ငံရေးအတိုက်အခံများကို စစ်တပ်က အကြမ်းဖက်နှိမ်နင်းမှုစတင်နေချိန် CRPH ကို ဖွဲ့စည်းပြီး ရက်သတ္တပတ်အချို့အကြာတွင် ရေးဆွဲခြင်းတွင်ပါဝင်သူများအတွက် အလွန်စိုးရိမ်ဖွယ်ရာလုံခြုံရေးအခြေအနေကြောင့် ပဋိညာဉ်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အချက်အလက်အနည်းငယ်သာ သိရှိရသည်။ ပဋိညာဉ်ကို အဓိကရေးဆွဲခဲ့သူမှာ CRPH ဖြစ်ကြောင်း ထင်ရှားသော်လည်း CRPH ၏အဖွဲ့ဝင်များနှင့် အသစ်ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ

(NUG) အဖွဲ့ဝင်များက ပဋိညာဉ်ရေးဆွဲရာတွင် စုပေါင်းစီမံအုပ်ချုပ်ရေးကိုရှေးရှု၍ အားလုံးပါဝင်သည့်နည်းဟန်ဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ဥပမာဆိုရသော် ၂၀၂၁ ခုနှစ်၊ မတ်လ၌ ပဋိညာဉ်အား ထုတ်ပြန်ကြေညာပြီးနောက်တွင် "ပဋိညာဉ်ကို CRPH ကပဲ လုံးလုံးလျားလျားရေးဆွဲခဲ့တာ မဟုတ်ပါဘူး။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနဲ့ နိုင်ငံရေးပါတီများ၊ CDM (အာဏာဖီဆန်ရေးလှုပ်ရှားမှု) အဖွဲ့၊ လူငယ်အဖွဲ့များအပါအဝင် အနည်းဆုံးအဖွဲ့လေးဖွဲ့က ရေးဆွဲအတည်ပြုခဲ့ကြတာပါ။ NUCC (အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ) ကိုလည်း ထိုအဖွဲ့လေးဖွဲ့အပေါ်အခြေခံပြီး ဖွဲ့စည်းသွားမှာပါ" ဟု CRPH ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရည်မွန်က မှတ်ချက်ပေးခဲ့သည် (Irrawaddy 2021)။ အလားတူပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် CRPH အဖွဲ့ဝင် ဦးလွင်ကိုလတ်က BBC နှင့် တွေ့ဆုံမေးမြန်းရာတွင် 'ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိတဲ့ နိုင်ငံရေးပါတီများ၊ သပိတ်ကော်မတီခေါင်းဆောင်များ၊CDMလှုပ်ရှားမှုခေါင်းဆောင်များ၊လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရက်ပေါင်း ၂၀ ကြာဆွေးနွေးခဲ့ပြီး CRPH မှဦးဆောင်ကာ ကြားကာလအစိုးရ ဖွဲ့စည်းနိုင်ရေးအတွက် ဤပဋိညာဉ်ကိုအားလုံးသဘောတူ အတည်ပြုဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည် (BBC 2021)။

ပဋိညာဉ်၏ အစိတ်အပိုင်း ၂ ထက် အစိတ်အပိုင်း ၁ အပေါ် လှုပ်ရှားဆောင်ရွက်သူများက ပိုမိုသဘောတူခဲ့ကြသည်။ သပိတ်ကော်မတီအဖွဲ့ဝင်အချို့၏အဆိုအရ အစိတ်အပိုင်း ၁ ကို နယ်ပယ်အသီးသီးမှ လှုပ်ရှားဆောင်ရွက်သူများက ညှိနှိုင်းဆွေးနွေးကာ သဘောတူခဲ့ကြသော်လည်း အစိတ်အပိုင်း၂ နှင့်စပ်လျဉ်း၍ အချို့သောပါဝင်ပတ်သက်သူများ (ဆိုလိုသည်မှာ သပိတ်ကော်မတီများ) ကို အပြည့်အဝတိုင်ပင်ခြင်းမရှိပေ၊ သို့မဟုတ် (အချို့ EAO များ) က သဘောတူညီမှုမရှိခဲ့ပေ။ NUG ၏ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီး ဒေါက်တာ လျန်မှုန်းဆာခေါင်းက ပဋိညာဉ်အစိတ်အပိုင်း ၂ ကိုမကြေညာမီ အချိန်ကပ်၍ပြန်လည်ပြင်ဆင်ခဲ့ကြောင်း အတည်ပြုခဲ့ပြီး ထို့ကြောင့်ပင် အစိတ်အပိုင်း ၁ ကဲ့သို့ ပြတ်ပြတ်သားသား အားပေးထောက်ခံမှုမရရှိခြင်းဖြစ်နိုင်ကြောင်းနှင့် အစိတ်အပိုင်း ၂ ကို ပြန်လည်ပြင်ဆင်ရန်ဆန္ဒရှိကြောင်း NUG ကိုယ်စား အသိပေးပြောကြားခဲ့သည် (VOA News 2021)။ အရှင်းလင်းအပြတ်သားဆုံး လုပ်ပိုင်ခွင့်နှင့် ရွေးကောက်ပွဲတရားဝင်မှု ရရှိထားသည့် CRPH သည် ပဋိညာဉ်ကို ရေးဆွဲပြင်ဆင်သည့် ကနဦးအဆင့်များတွင် ဦးဆောင်လှုပ်ရှားသူအဖြစ်ပါဝင်ခဲ့သည်။ ပဋိညာဉ်ရေးဆွဲခြင်းအား CRPH တစ်ဦးတည်း လုပ်ဆောင်နိုင်သော်လည်း အခြားနိုင်ငံရေးနယ်ပယ်မှသူများနှင့် တိုင်ပင်ဆောင်ရွက်ရန်၊ ထိုသူများလည်းပါဝင်လာစေရန် ရွေးချယ်ခဲ့သည်။ ထို့ကြောင့် NUCC သည် ပဋိညာဉ်အား ကနဦးအစပိုင်းကပင် နယ်ပယ်အသီးသီးမှ ပါဝင်လှုပ်ရှားသူများက သဘောတူထားခဲ့ကြောင်း ကြေညာခဲ့ပြီး ၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် အားလုံးပါဝင်သော ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ် စတင်ခဲ့သည် (Women of Burma 2021)။ CRPH သည် NUCC အား ဖွဲ့စည်းသည့် မူလအစုအဖွဲ့ဝင် လေးဖွဲ့အနက်မှ တစ်ဖွဲ့ဖြစ်သောကြောင့် ရွေးကောက်ခံအမတ်များနှင့် နယ်ပယ်အသီးအသီးမှ ပါဝင်လှုပ်ရှားသူများအကြားချိတ်ဆက်မှုသည် အစကတည်းကပင်တည်ရှိခဲ့သည်။ ပဋိညာဉ်ကို ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ စတင်ကြေညာသည့်အချိန်တွင် တော်လှန်ရေးသည် နှစ်လမျှသာ ကြာမြင့်သေးသည်။ ပဋိညာဉ်ကိုရေးဆွဲ၍ ငြိမ်းချမ်းသောအခြေအနေများမှာကဲ့သို့ ဖြစ်နိုင်သမျှကျယ်ကျယ်ပြန့်ပြန့်နှင့် ပါဝင်နိုင်သမျှသူအားလုံး ပါဝင်ဆွေးနွေးသဘောတူ

နိုင်စေရေးလုပ်ဆောင်နေပါက အလွန်အမင်းအန္တရာယ်များမည်ဖြစ်သည်။ ယခင်ပဋိညာဉ်မူကြမ်းရေးဆွဲနေချိန် ရက်သတ္တပတ်များအတွင်းတွင် ပါဝင်လှုပ်ရှားသူများ သို့မဟုတ် NUCC ၏ အဖွဲ့ဝင်ဖြစ်လာမည့် အဖွဲ့ဝင်အများအပြားသည် NUCC တွင် တရားဝင်မပါဝင်ကြသေးပါ။ ပဋိညာဉ်အား ပြင်ဆင်တည်းဖြတ်ခြင်းနှင့် ပြင်ဆင်တည်းဖြတ်ထားသောပဋိညာဉ်ကို အတည်ပြုခဲ့သည့် ပထမအကြိမ်ပြည်သူ့ညီလာခံအား ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် သက်ဆိုင်သူများ ပိုမိုပါဝင်လာသည့် NUCC က ကျင်းပခဲ့ခြင်းဖြစ်သည်။ တချိန်တည်းမှာပင် ပဋိညာဉ်စာတမ်း၏ မပြင်ဆင်မီနှင့် ပြင်ဆင်ပြီးမူကြမ်းနှစ်ခုလုံးတွင် 'ပဋိညာဉ်တွင်ပါဝင်သည့် အဖွဲ့အစည်းများ' ဟု ခေါ်ဆိုသည့် ကြားကာလပြည်နယ်/ဖက်ဒရယ်/တိုင်းရင်းသား ကိုယ်စားပြုကော်မတီများ ပါဝင်ထည့်သွင်းပြီး NUCC ၏ဖွဲ့စည်းပုံကို အဖွဲ့ဝင်အစုအဖွဲ့လေးဖွဲ့မှ ငါးဖွဲ့အထိတိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် အဆင့်အမြင့်ဆုံးအတိုင်ပင်ခံကော်မတီသည် ပိုမိုပါဝင်ပြီးပိုမိုကိုယ်စားပြုမှုရှိလာသည်။ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့၌ ပထမဆုံး သတင်းစာရှင်းလင်းပွဲပြုလုပ်သောအခါတွင် အဖွဲ့ဝင် ၂၈ ဖွဲ့ရှိသည်ဟု NUCC က ဆိုခဲ့သည်။ အမည်မဖော်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း (EAOs) သို့မဟုတ် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) ၈ ဖွဲ့ပါဝင်လာ၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် NUCC အစုအဖွဲ့ဝင်အရေအတွက် ၃၃ ဖွဲ့အထိ ဖြစ်လာခဲ့သည်။

## ပဋိညာဉ်ရေးဆွဲရာတွင် မည်သည့်စာရွက်စာတမ်းများကို ကိုးကားခဲ့သနည်း။

အထူးသဖြင့် ပဋိညာဉ်၏ အစိတ်အပိုင်း ၁ ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြေညာစာတမ်း (မူရင်းနှင့် ပြင်ဆင်တည်းဖြတ်ထားသည့် မူ ၂ မျိုးစလုံး) တွင် ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီဇိုင်းအင်္ဂါရပ်များသည် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းရေးကော်မတီ (FCDCC) ၏ အဖွဲ့ဝင်များဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ၁၉၉၀/၂၀၀၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံနယ်စပ်ဒေသတွင်ရေးဆွဲခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်၊ ၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (မြန်မာနှင့်အင်္ဂလိပ်ဗားရှင်းကို FCDCC 2008 တွင်ကြည့်ပါ) အပေါ်အခြေခံထားသည်။ အစိတ်အပိုင်း ၂ (ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ) ကို ရေးဆွဲရာတွင် မည်သည့်စာရွက်စာတမ်းများ သို့မဟုတ် အခြားသောနှိုင်းယှဉ်ချိန်ဆနိုင်သည့် အတွေ့အကြုံများကို ကိုးကားထားကြောင်း ရှင်းလင်းစွာမသိရှိရပေ။

အစိတ်အပိုင်း ၁ တွင် EAOs များ၏ တောင်းဆိုချက်များကို ရှင်းရှင်းလင်းလင်း လိုက်လျောမှုပေးကြောင်း ဖော်ပြထားပြီး ဖက်ဒရယ်စနစ်၊ ဒီမိုကရေစီနှင့် အခွင့်အရေးများနှင့် သက်ဆိုင်သည့် အခြေခံမူများစွာပါဝင်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန် မျှော်မှန်းထားသည့် အခြေအနေအကြောင်း ဖော်ပြထားသော်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ချမှတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင် ဆက်လက်တည်ရှိနေမှု မတွေ့ရပေ။ ဤအချက်မှာ လက်တွေ့နှင့် ကွာခြားနေသေးသည်။ အဘယ့်ကြောင့်ဆိုသော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ပေးလိုက်သည့် အချို့အရာများသည် အတိုင်းအတာတစ်ခုအထိ ဆက်လက်တည်ရှိနေသေးသည်ဟု လက်တွေ့တွင် ယူဆနိုင်သည့်အတွက်ဖြစ်သည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် အနာဂတ်တွင်ပေါ်ပေါက်လာမည့် အမြဲတမ်း

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းမည့် နိုင်ငံသားနှင့် ဒီမိုကရေစီအခွင့်အရေးများအား ဖော်ပြရာတွင် သိသာထင်ရှားသော တိုးတက်မှုများကိုတွေ့ရှိရပြီး ၎င်းတို့အား အထက်ဖော်ပြပါ ဖက်ဒရယ်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း၏ ပြဋ္ဌာန်းချက်များမှသာမက အမျိုးသမီးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများကဲ့သို့သော NUCC ၏ EAO မဟုတ်သော အဖွဲ့ဝင်များထံမှ တင်ပြချက်များအပေါ် အခြေခံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာတမ်းတစ်ခုတွင် ကလေးသူငယ်အခွင့်အရေးများနှင့် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် စည်းရုံးခွင့်အား အကာအကွယ်ပေးရေးဆိုင်ရာကွန်ဗင်းရှင်း (ILO Convention 87)၊ စည်းရုံးခွင့်နှင့် စုပေါင်းညှိနှိုင်းပိုင်ခွင့် ကွန်ဗင်းရှင်း (ILO Convention 98) များကို သက်ဆိုင်ရာ ဥပဒေအရင်းအမြစ်များအဖြစ် အတိအလင်းဖော်ပြထားသည်။ ထိုသို့ဖော်ပြခြင်းသည် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အခြားဥပဒေများကိုဆိုင်ရာ ကိုးကားချက်များအနေဖြင့် ထည့်သွင်းနိုင်သည့် အခွင့်အလမ်းဖြစ်နိုင်ပါသည်။

## ပဋိညာဉ်စာတမ်းကို ပြန်လည်ပြင်ဆင်မည်လော သို့မဟုတ် လက်ရှိပုံစံသည် အပြီးသတ်ဖြစ်ပါသလော။

မူလပဋိညာဉ်အား ပြန်လည်ပြင်ဆင်နိုင်ရန် ဒီဇိုင်းချရေးဆွဲထားခြင်းဖြစ်ပြီး လက်ရှိပုံစံသည်လည်း ပြင်ဆင်နိုင်ရန်လမ်းဖွင့်ထားဆဲဖြစ်သည်။ ပဋိညာဉ်အား အတည်ပြုရန်အတွက် ပြည်သူ့ညီလာခံသို့မတင်ပြမီ အစိတ်အပိုင်း ၂ ကိုပြန်လည်ပြင်ဆင်ရန် NUCC အား တာဝန်ပေးခဲ့သည်။ ပဋိညာဉ်ကို ထုတ်ပြန်ကြေညာချိန်မှစ၍ CRPH သည် အထူးသဖြင့် ပဋိညာဉ်အစိတ်အပိုင်း ၂ ပါ ပြဋ္ဌာန်းချက်များကို တိုင်ပင်ညှိနှိုင်း၍ ပြန်လည်ပြင်ဆင်လိုသည့်ဆန္ဒကိုပြသခဲ့သည်။ NUG ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီး ဒေါက်တာ လျန်မှုန်းဆာခေါင်းက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် – "ပဋိညာဉ်ရဲ့ အစိတ်အပိုင်း ၂ ဟာ လုပ်ငန်းကိစ္စရပ်ဖြစ်တဲ့အတွက် ကျွန်တော်တို့လုပ်ငန်းများကို အကောင်အထည်ဖော်နေစဉ်အတွင်း သင့်လျော်သလိုပြန်လည်ပြင်ဆင်ဖြည့်စွက်သွားပါမယ်" ဟု ဖြေကြားခဲ့သည် (VOA News 2021)။ ပဋိညာဉ် (အစိတ် အပိုင်း ၂၊ အခန်း ၇၊ အပိုဒ် ၄) တွင် 'မဟာဗျူဟာလုပ်ငန်းစဉ်များ' ကို ပြင်ဆင်နိုင်ကြောင်းဖော်ပြထားသော်လည်း အဆိုပါစကားရပ်ကို အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသဖြင့် ပဋိညာဉ်၏ အစိတ်အပိုင်း ၂ တစ်ရပ်လုံးကိုရည်ညွှန်းသည်ဟု ယူဆနိုင်သည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် NUCC သည် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ (အစိတ်အပိုင်း ၂ ကို ညွှန်းဆိုခြင်းဖြစ်နိုင်သည်) ကို ပြင်ဆင်နိုင်ပြီး ထိုပြင်ဆင်ချက်များကို အတည်ပြုရန်အတွက် ပြည်သူ့ညီလာခံသို့ တင်သွင်းရမည်သည်ဟု ဖော်ပြထားသည် (အစိတ်အပိုင်း ၂၊ အခန်း ၁၀၊ အပိုဒ် ၅၉)။ အဆိုပါပြဋ္ဌာန်းချက်သည် ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်၏ အစိတ်အပိုင်း ၁ အတွက်ပါ အကျုံးဝင်မှု ရှိမရှိ ရှင်းရှင်းလင်းလင်း မသိရသောကြောင့် အနာဂတ်အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းကျောင်းလမ်းညွှန်ပေးရန်ရည်ရွယ်သည့် အခြေခံမူများအား ပြင်ဆင်နိုင်ခြင်း ရှိမရှိမှာ မရှင်းလင်းပါ။ ပဋိညာဉ်အား နောင်တွင် ပြည်လည်ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် အစားထိုးခြင်းများရှိစေကာမူ မြန်မာနိုင်ငံအတွက်လက်ရှိအချိန်တွင် ပဋိညာဉ်သည်သာ ရှေ့ဆက်လှမ်းနိုင်မည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်းကတိကဝတ်ပြုလျက် CRPH သည် ပဋိညာဉ်ကိုအခြေခံ၍ ခိုင်မာသောလုပ်ဆောင်ချက်များကို

မူလပဋိညာဉ်အား ပြန်လည်ပြင်ဆင်နိုင်ရန် ဒီဇိုင်းချရေးဆွဲထားခြင်းဖြစ်ပြီး လက်ရှိ ပုံစံသည်လည်း ပြင်ဆင်နိုင်ရန် လမ်းဖွင့်ထားဆဲဖြစ်သည်။ ပဋိညာဉ်အား အတည်ပြုရန်အတွက် ပြည်သူ့ ညီလာခံသို့မတင်ပြမီ အစိတ်အပိုင်း ၂ ကိုပြန်လည်ပြင်ဆင်ရန် NUCC အား တာဝန်ပေးခဲ့သည်။

(ဆိုလိုသည်မှာ NUG ဖွဲ့စည်းခြင်း) လုပ်ဆောင်ခဲ့သည်။ NUCC သည် FDC ကို ပြန်လည်ပြင်ဆင်သို့မဟုတ် ချဲ့ထွင်၍ အဆိုပါပြင်ဆင်ချက် သို့မဟုတ် ဖြည့်စွက်ချက်များကို ပြည်သူ့ညီလာခံသို့ အတည်ပြုချက်ရယူရန် တင်ပြရမည်ဖြစ်သည် (အစိတ်အပိုင်း ၂ ၊ အခန်း ၁၀၊ အပိုဒ် ၅၉)။

## ၂။ ပဋိညာဉ်၏ နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာ ရည်ရွယ်ချက်များ

ပဋိညာဉ်၏ အဓိကရည်ရွယ်ချက်များမှာ "(၁) စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ် အားလုံးပပျောက်ရေး၊ (၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးသတ်ဖျက်သိမ်းရေး၊ (၃) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး နှင့် (၄) အရပ်သား ပြည်သူ့အစိုးရပေါ်ထွန်းရေး"(ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသည့် FDC၊ အစိတ်အပိုင်း ၁၊ အခန်း ၁)တို့ဖြစ်သည်။ ထိုရည်ရွယ်ချက်များကို ကြည့်ခြင်းအားဖြင့် ပဋိညာဉ်သည် နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာ ရည်ရွယ်ချက်နှစ်မျိုးလုံး ပါဝင်သည်ဟု ယူဆနိုင်သည်။

### နိုင်ငံရေးရည်ရွယ်ချက်များ

မူရင်းပဋိညာဉ်ကို EAO များ၊ တိုင်းရင်းသားအုပ်စုများ၊ ပါတီများနှင့် အခြားသောဒီမိုကရေစီအင်အားစုများအား စစ်တပ်ကိုရင်ဆိုင်တုန့်ပြန်ရန် မဟာမိတ်ဖွဲ့ရေးအတွက် CRPH မှ ကမ်းလှမ်းချက်အဖြစ် ရှုမြင်နိုင်သည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်သည် ယခု NUCC တွင် ပါဝင်လာသော နိုင်ငံရေး ဦးဆောင်လှုပ်ရှားသူများအကြား ညှိနှိုင်း၍ ရရှိလာသော ရလဒ်တစ်ခုဖြစ်သည်။

ပဋိညာဉ်မူကြမ်းကို ၂၀၂၁ ခုနှစ်၊ မတ်လမှ စတင်ရေးဆွဲခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်ပြင်ဆင်ထုတ်ပြန်ချိန်နှင့် ၂၀၂၂ ခုနှစ်၊ မတ်လတွင် အပြီးသတ်ပဋိညာဉ်ထုတ်ဝေသည့်အချိန်ထိ ပဋိညာဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် တစ်နှစ်ကျော်ကြာမြင့်ခဲ့သည်။ ပဋိညာဉ်သည် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေမဆိုထားနှင့် ပြည့်စုံသော ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုပင် မဟုတ်ပါ။ သို့သော် ပဋိညာဉ်သည် နွေဦးတော်လှန်ရေး မည်ကဲ့သို့ရှေ့ဆက်မည်နှင့်/သို့မဟုတ် မည်သို့သော မြန်မာနိုင်ငံပြည်ထောင်စု (သို့) နိုင်ငံတော်ကို တည်ထောင်သွားမည်ဆိုသည့်အပေါ် စိတ်ဝင်စားပါဝင်ပတ်သက်နေသည့် မတူညီသောနိုင်ငံရေးအုပ်စုများအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ မူရင်းပဋိညာဉ်ကို EAO များ၊ တိုင်းရင်းသားအုပ်စုများ၊ ပါတီများနှင့် အခြားသောဒီမိုကရေစီအင်အားစုများအား စစ်တပ်ကိုရင်ဆိုင်တုန့်ပြန်ရန် မဟာမိတ်ဖွဲ့ရေးအတွက်CRPHမှကမ်းလှမ်းချက်အဖြစ်ရှုမြင်နိုင်သည်။ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်သည် ယခု NUCC တွင် ပါဝင်လာသော နိုင်ငံရေးဦးဆောင်လှုပ်ရှားသူများအကြား ညှိနှိုင်း၍ရရှိလာသော ရလဒ်တစ်ခုဖြစ်သည်။ NUCC ၏လက်ရှိအဖွဲ့ဝင်များသည် ပဋိညာဉ်ကို ဆက်လက်ရေးဆွဲနေချိန်တွင် ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်သည် NUCC ၏ အနာဂတ်အဖွဲ့ဝင်များအတွက် ရည်ညွှန်းစာတမ်းအဖြစ် တည်ရှိနေသည်။ NUCC တွင် ၎င်း၏ လုပ်ဆောင်ချက်များနှင့် အနာဂတ်အဖွဲ့ဝင်များအတွက် ရည်ညွှန်းသတ်မှတ်ချက်များ ရှိနှင့်ပြီးဖြစ်သည်။

မြန်မာစစ်တပ်ကို စစ်ရေးအရရော နိုင်ငံရေးအရပါ ထိရောက်စွာတိုက်ဖျက်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းသည် တိုင်းရင်းသားလက်နက်ကိုင်/တော်လှန်ရေးအဖွဲ့ (EAOs/EROs)များ၊(တိုင်းရင်းသား)နိုင်ငံရေးပါတီများ၊အခြားပေါ်ထွန်းလာသောဒီမိုကရေစီအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းဟု ရည်ညွှန်းသောအဖွဲ့များ မဟာမိတ်ဖွဲ့စည်းခြင်းသာဖြစ်သည်ဟု မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို လေ့လာသူအများအပြားက ယုံကြည်ကြသည်။ ၎င်းတွင် စစ်တပ်ထံမှ တရားမဝင်အမိန့်ကိုလက်မခံသော အရပ်ဘက်ဝန်ထမ်းများလည်း ပါဝင်

သည်။ အခြေအနေကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားကြည့်ပါက နွေဦးတော်လှန်ရေးသည် NLD နှင့် ၎င်း၏ထောက်ခံသူများကိုကျော်လွန်၍ အခြားသော ဒီမိုကရေစီအင်အားစုများ ပေါ်ထွန်းလာရေးအတွက် အခွင့်အလမ်းပေးခဲ့သည်။ ထိုအင်အားစုများကိုလည်း မြန်မာစစ်တပ်နှင့် ဆန့်ကျင်သည့် နိုင်ငံရေးမဟာမိတ်အဖွဲ့တွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဥပမာအားဖြင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု CDM သည် ယခုအချိန်အထိ အမည်ရနိုင်ငံရေးပါတီများ သို့မဟုတ် အဖွဲ့အစည်းများနှင့် အမှီအခိုကင်းစွာလုပ်ဆောင်နေပြီး နိုင်ငံရေးပါတီဖွဲ့စည်းပုံ အပြင်ဘက်ရှိ (အထူးသဖြင့် လူငယ်များအား ဆွဲဆောင်မှုရှိသော) အားကောင်းသစ်လွင်သည့် နိုင်ငံရေးလှုပ်ရှားမှုတစ်ခုဖြစ်သည်။ မူလပဋိညာဉ်သည် အာဏာဖီဆန်လှုပ်ရှားမှု CDM ပေါ်ထွန်းလာခြင်းကို အသိအမှတ်ပြု၍ ကာလကြာရှည်စွာတည်ရှိပြီးနှင့် အသစ်ပေါ်ထွန်းလာသော ဒီမိုကရေစီအင်အားစုများအကြား ညွန့်ပေါင်းတည်ဆောက်ရန် ကမ်းလှမ်းချက်ကိုကိုယ်စားပြုပြီး CDM ပါဝင်သူများကိုဂုဏ်ပြုရန်နှင့် ကြားကာလအုပ်ချုပ်မှုအစီအစဉ်တွင် CDM ကိုထည့်သွင်းရန် ကတိကဝတ်ပြုသည်။ CDM အဖွဲ့များသည် ယခုတွင် NUCC ၌ပါဝင်ကြပြီး ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်၏ပြုပြင်ထားသည့် ၁၂ ဆင့်ပါသောလမ်းပြမြေပုံ (ပုံ ၁၊ အဆင့် ၁ ကို ကြည့်ပါ) ၏ ပထမအဆင့်တွင် CDM နှင့် ဆန္ဒပြမှုများကို စည်းရုံးခြင်း၊ အားပေးခြင်း၊ ပံ့ပိုးခြင်းများ လုပ်ဆောင်ရန် ကတိပြုထားသည်။

ထို့ကြောင့် ပဋိညာဉ်သည် ဤမဟာမိတ်အဖွဲ့အတွက် ကမ်းလှမ်းချက်အဖြစ် ရှိနေဆဲဖြစ်သည်။ တိုင်းရင်းသားအဖွဲ့များ၏ နှစ်ရှည်လများတောင်းဆိုချက်များဖြစ်သည့် ပိုမိုလုပ်ပိုင်ခွင့်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဗဟိုချုပ်ကိုင်မှု များစွာလျှော့ချထားသော ဖက်ဒရယ်စနစ်အပြင် ဘာသာရေးနှင့်မရောယှက်သည့်နိုင်ငံရေး၊ မတူကွဲပြားမှုနှင့် အားလုံးပါဝင်မှု၊ လူ့အခွင့်အရေးနှင့် အမျိုးသမီးများ၏စွမ်းဆောင်ရည် မြှင့်တင်မှုကဲ့သို့သော တောင်းဆိုမှုများကို ဖြည့်ဆည်းရာ၌ ယုံကြည်လောက်သည့် ကတိကဝတ်ရရှိစေရေးအတွက် NLD အား လူသိရှင်ကြား ထိန်းကျောင်းရန် ကမ်းလှမ်းချက်စည်းကမ်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေ စာချုပ်စာတမ်းတစ်ခုပုံစံအဖြစ် ပြုလုပ်ထားခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းတွင် ရွေးကောက်ခံလွှတ်တော် CRPH တွင် အများစုပါဝင်သည့် NLD (CRPH အဖွဲ့ဝင်စုစုပေါင်း ၂၀ ဦးတွင် ၁၇ ဦးသည် NLD မှဖြစ်) နှင့် EAOs/EROs နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများအကြားရှိသော ယုံကြည်မှုယိုယွင်းမှုများအပါအဝင် သမိုင်းအစဉ်အဆက် ယိုယွင်းခဲ့သည့်ယုံကြည်မှု များကိုကျော်လွှားရန် ရည်ရွယ်ရင်းဖြစ်ပါသည်။ NLD သည် (၎င်းတို့ကိုယ်တိုင်အား အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးမည့် ပါတီတစ်ခုအသွင်သို့ ဆောင်ထားသော်လည်း) ပြီးခဲ့သည့် သက်တမ်းအတွင်း တိုင်းရင်းသားများ၏ တောင်းဆိုမှုများဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးနှင့် ပိုမိုလွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးတို့ကို ဖြေရှင်းဆောင်ရွက်ခြင်းအစား စစ်တပ်နှင့်ညှိနှိုင်းရေးကိုသာ အလေးပေးဆောင်ရွက်ခဲ့သူအဖြစ် ရှုမြင်ခြင်းခံရပြီး NLD ပါတီအပေါ် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် EAO များမှ ယုံကြည်မှုကင်းမဲ့နေကြသည်။ မြန်မာ့ဒီမိုကရေစီလိုလားသူ မဟာမိတ်အင်အားစု၏ အရေးပါသည့်အစုအဖွဲ့ဖြစ်သော တိုင်းရင်းသားအဖွဲ့များ၏ တောင်းဆိုချက်များကို NLD မှ ဖြည့်ဆည်းဆောင်ရွက်ရေးအတွက် လူသိရှင်ကြား ကတိကဝတ်ပြုမှုရှိစေရန် ဤပဋိညာဉ်အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချုပ်စာတမ်းတစ်ခုအဖြစ် ပြုစုထားခြင်းဖြစ်သည်။

## ပုံ(၁) – အဆင့် ၁၂ ဆင့်ပါ လမ်းပြမြေပုံ

| | |
|---|---|
| ၁ | စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးအတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများအပါအဝင် လူထု အထွေထွေသပိတ်လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှား ဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ကူညီခြင်း |
| ၂ | ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြု ကော်မတီများဖွဲ့စည်း၍ ကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်ခြင်း။ |
| ၃ | နိုင်ငံရေးဆိုင်ရာသဘောတူချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် မိတ်ဖက်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစု ဆိုင်ရာ အဖွဲ့အစည်းများအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်းဖော်ဆောင်ခြင်း |
| ၄ | ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ရေးဆွဲအတည်ပြုခြင်း |
| ၅ | ဤပဋိညာဉ်နှင့်အညီ ကြားကာလအမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေး နှင့် တရားရေးဆိုင်ရာမဏ္ဍိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း |
| ၆ | အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးအတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံးပါဝင်သော ပြည်သူ့ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခြင်း |
| ၇ | အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး အတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း |
| ၈ | အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း |
| ၉ | အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း |
| ၁၀ | တိုင်းပြုပြည်ပြုညီလာခံ (Constituent Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း |
| ၁၁ | တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်း |
| ၁၂ | အတည်ပြု ပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များကိုဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း |

CRPH/NUCC သည် ပဋိညာဉ်တွင် သဘောတူထားသည့် ရည်မှန်းချက်များ၊ မျှော်မှန်းချက်များနှင့် နိုင်ငံရေးလမ်းပြမြေပုံကို ဒီမိုကရေစီအင်အားစုအားလုံးနှင့်အတူ စုပေါင်းခေါင်းဆောင်မှုဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပဋိညာဉ်တွင် ကိုယ်တိုင်ကတိကဝတ်ပြုထားသည်။ CRPH/NUCC မှ မြန်မာစစ်တပ်ကိုရင်ဆိုင်သည့် နိုင်ငံရေးမဟာမိတ်အဖွဲ့အတွက် ကမ်းလှမ်းချက်တစ်ရပ်အနေဖြင့် ကြားကာလအစိုးရနှင့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေး

ဆွဲရေးအဖွဲ့ သို့မဟုတ် အဖွဲ့များ (NUCC အပါအဝင်) သည် မြန်မာနိုင်ငံအား ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအဖြစ် ပြန်လည်ဖွဲ့စည်းစေရန်အတွက် ပဋိညာဉ်ဖြင့်ထိန်းကွပ်ထားသည်။ အစိတ်အပိုင်း ၁၊ အခန်း ၄ သည် ဤကတိကဝတ်အပေါ် များစွာအကျိုးသက်ရောက်စေသည်။ မကြာသေးမီက ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးညီလာခံများတွင် သဘောတူခဲ့သော အခြေခံမူများနှင့် NLD အစိုးရမှ ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် လွှတ်တော်တွင်တင်သွင်းခဲ့သော ပြင်ဆင်ရေးအဆိုပြုချက်များထက်ပင် ကျော်လွန်သော EAO များ၏ နှစ်ရှည်လများ တောင်းဆိုချက်များကို ဤပဋိညာဉ်စာတမ်းတွင် လိုက်လျောထားသည်။ (ဥပဒေကြမ်းနှစ်ခုအပေါ် လေ့လာသုံးသပ်ချက်အသေးစိတ်ကို International IDEA 2019 တွင်ကြည့်ပါ)။ မူလပဋိညာဉ်တွင် NLD ၏ ပြန်လည်ပြင်ဆင်ထားသော ရပ်တည်ချက်ကို ကိုယ်စားပြုသည်ဟု ယူဆရသော CRPH သည် အာဏာအများားစုအား ပြည်ထောင်စု (ဖက်ဒရယ်)အဆင့်တွင်ထားရှိခြင်းအစား ပြည်နယ်/တိုင်းများတွင် တည်ရှိစေခြင်းဖြင့် ဗဟိုချုပ်ကိုင်မှု နက်နက်ရှိုင်းရှိုင်းလျှော့ချထားသော ဖက်ဒရယ်စနစ်ဖော်ဆောင်ရန် ကတိကဝတ်ပြုထားသည်။ ဤအချက်က CRPH သည် တိုင်းရင်းသားအဖွဲ့များ၏ ဖက်ဒရယ်မြန်မာနိုင်ငံ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ကတိကဝတ်မြင့်မြင့်မားမားထားရှိရန် အရေးပါကြောင်းကို အသိအမှတ်ပြုရာရောက်ပြီး EAO များ၏ လက်ရှိလွှမ်းမိုးမှုအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိနိုင်သည်။ ဤနိုင်ငံရေး ကမ်းလှမ်းချက်နှင့် သဘောတူညီမှုသည် ပိုမိုအဆင့်မြင့်သော သို့မဟုတ် တည်ငြိမ်သောအဆင့်သို့ စုစည်းထားပြီး ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ယင်းကို ထင်ဟပ်ပြသထားသည်။

## ဥပဒေရေးရာ အခြေအနေ

ပဋိညာဉ်သည် အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြယ်မှုကို ဖြေရှင်းရန်နှင့် နွေဦးတော်လှန်ရေးကြောင့်ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရန်အခွင့်အလမ်းကို အမိအရဖမ်းဆုပ်ရန် CRPH/NUCC ၏ ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ ပြင်းထန်လာသော အကျပ်အတည်းများ၊ မြန်မာစစ်တပ်၏၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုးရွားစွာချိုးဖောက်ခြင်းနှင့် အခြေခံဥပဒေ၏ အာဏာသက်ရောက်မှုကို ယိုယွင်းစေခြင်းတို့ကြောင့် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ပြည်သူ့ရေးရာ ကဏ္ဍပေါင်းများစွာ အထူးသဖြင့် လုံခြုံရေးကဏ္ဍကို ထိန်းချုပ်ထားသော၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့်အပြင် ကာကွယ်မှုရယူထားသော မြန်မာစစ်တပ်တို့အကြား အာဏာခွဲဝေမှု ပုံသေနည်းပြဋ္ဌာန်းထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေအုပ်ချုပ်မှုသို့ ပြန်လည်ဦးလှည့်ရန်မှာ ဖြစ်နိုင်ခြေမရှိပါ။

ပဋိညာဉ်ကိုရေးဆွဲရာတွင် CRPH သည် (က) မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေး လုပ်ငန်းစဉ်ကို ဦးဆောင်ရန် နှင့် (ခ) ၂၀၀၈ ဖွဲ့စည်းပုံကို ဖျက်သိမ်းရန်အတွက် လုပ်ပိုင်ခွင့်ရှိကြောင်း ၂၀၂၀ ရွေးကောက်ပွဲမှရရှိထားသော ဒီမိုကရေစီတရားဝင်မှုကို ကနဦးတွင် အားထားခဲ့သည်။ CRPH သည် EAO/ERO အများအပြားနှင့် အခြားသော တော်လှန်ရေးအင်အားစုများနှင့် သဘောတူညီမှုရယူခဲ့ပြီး NUCC ကို ဖွဲ့စည်းနိုင်ခဲ့သည်။ NUCC သည် ပဋိညာဉ်အား ပြင်ဆင်တည်းဖြတ်ခြင်းများဆောင်ရွက်ခဲ့သည့်အပြင် ယခုအခါတွင် ကြားကာလအဖွဲ့အစည်းများကြားတွင် အကျယ်ပြန့်ဆုံးနှင့် ပါဝင်နိုင်ဆုံးသောအဖွဲ့အစည်းအဖြစ် ဆောင်

> ပဋိညာဉ်သည် အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြယ်မှုကို ဖြေရှင်းရန်နှင့် နွေဦးတော်လှန်ရေးကြောင့် ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ရေးဆွဲရန်အခွင့်အလမ်းကို အမိအရဖမ်းဆုပ်ရန် CRPH/NUCC ၏ ကြိုးပမ်းမှုတစ်ခုဖြစ်သည်။

ရှက်နေပြီး NUG အား မူဝါဒလမ်းညွှန်ချက်များပေး၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်ကို ဦးစီးဦးဆောင်ပြုလျက်ရှိသည်။ သတိပြုသင့်သည်မှာ မည်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးကိုမဆို ဗီတိုအာဏာဖြင့်ပယ်ချနိုင်သည့် အခွင့်အာဏာအပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်ကရရှိထားသည့် နိုင်ငံရေးအာဏာနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာမခံချက်များကြောင့် ဤမျှအတိုင်းအတာရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲမှုကို အာဏာသိမ်းမှုမတိုင်မီ လွှတ်တော်တွင်းမှတဆင့် ပြင်ဆင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ပိုမို ငြိမ်းချမ်းပြီး အားလုံးပါဝင်နိုင်သော အနာဂတ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်း ဆုံးရေးဆွဲနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အကောင်အထည်ဖော်ရန် ထူးခြားသောအခွင့် အရေးတစ်ခု မြန်မာနိုင်ငံတွင်ရှိနေသည်။ ဤအခိုက်အတန့်ကို ကိုင်တွယ်ပုံနှင့် ဖမ်းဆုပ်ထားမှု သည် နိုင်ငံ၏ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေအစီအမံ၏ တရားဝင်မှုနှင့် ရေရှည်တည်တံ့မှု အပေါ် ရေရှည်သက်ရောက်မှုများ ရှိလာမည်ဖြစ်သည်။

ဥပဒေအကျုံးဝင်မှု၊ တရားဥပဒေဆက်လက်တည်ရှိမှုနှင့် စပ်လျဉ်း၍ ပဋိညာဉ်တွင် တိတိကျကျ ဖော်ပြထားခြင်းမရှိပေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပဋိညာဉ်၏အခြေခံမူများ နှင့် ကိုက်ညီမှုမရှိသော ဥပဒေများနှင့် ပြဋ္ဌာန်းချက်များအားလုံးမှလွဲ၍ တည်ဆဲဥပဒေများ အားလုံးသည် အသက်ဝင်နေဆဲဖြစ်ကြောင်း NUG မှ ရှင်းလင်းပြောကြားခဲ့သည်။ အာဏာ သိမ်းချိန်မှစ၍ စစ်ဘက်ဆိုင်ရာအာဏာပိုင်များ ထုတ်ပြန်ထားသော "ဥပဒေများ" အားလုံးသည် လည်း တရားဝင်မှုလုံးဝမရှိဟု သတ်မှတ်သည်။ သို့သော်လည်း ထိုသို့သတ်မှတ်ချက်များက တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များအပြင် မှတ်ပုံတင်ခြင်း၊ ရောင်း ဝယ်ဖောက်ကားမှုများ၊ ပိုင်ဆိုင်မှုခေါင်းစဉ်များ စသည်တို့အပေါ် မည်သို့အကျိုးသက်ရောက် ကြောင်း ရှင်းလင်းစွာမသိရှိရသောကြောင့် ဥပဒေရေးရာ မရေရာမှုများစွာ ဖြစ်ပေါ်စေသည်။

## ပဋိညာဉ်သည် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ဖြစ်ပါသလား

**ပဋိညာဉ်အား ၂၀၂၁ ခုနှစ် မတ်လ၌ ထုတ်ပြန်ကြေညာစဉ်ကတည်းကပင် ပဋိညာဉ်သည် မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် သို့မဟုတ် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေသစ် အဖြစ်ပင် ရည်ရွယ်ရေးဆွဲထားခြင်း မဟုတ်ကြောင်း ရှင်းလင်းစွာတွေ့နိုင်သည်။**

ပဋိညာဉ်အား ၂၀၂၁ ခုနှစ် မတ်လ၌ ထုတ်ပြန်ကြေညာစဉ်ကတည်းကပင် ပဋိညာဉ် သည် မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် သို့မဟုတ် ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အဖြစ်ပင် ရည်ရွယ်ရေးဆွဲထားခြင်းမဟုတ်ကြောင်း ရှင်းလင်းစွာတွေ့နိုင် သည်။ ယခု ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်အရ ထိုသို့ရေးဆွဲထားခြင်းမဟုတ်ကြောင်း အတည်ပြုနိုင်သည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်၏ ၁၂ ဆင့် လမ်းပြမြေပုံ၏ အဆင့် ၈ နှင့် အဆင့် ၁၀ တွင် နွေဦးတော်လှန်ရေးပြီးဆုံးချိန်မှ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ချိန် အချိန်ကာလအတွက် အကူးအပြောင်းကာလ ဖွဲ့စည်းပုအခြေခံဥပဒေတစ်ရပ် ရေးဆွဲရန်နှင့် ပြည်ထောင်စုအတွက် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် တိတိကျကျ ဖော်ပြထားပါသည် (ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသည့် FDC၊ အစိတ်အပိုင်း ၁၊ အခန်း ၃)။ International IDEA သည် ကြားကာလအစီအမံများ (ဥပမာ ငြိမ်းချမ်းရေးသဘောတူညီချက် များတွင်တွေ့ရသော အစီအမံများကဲ့သို့) နှင့် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများကို သီးခြား စီဖြစ်သည်ဟု သတ်မှတ်ဖွင့်ဆိုပြီး ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုသည် –

ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ ဆွေးနွေးညှိနှိုင်းကာ ရေးဆွဲထားသော

> အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အတည်ပြုမပြဋ္ဌာန်းရသေးမီ အချိန်ကာလတစ်ခုအတွက် ဥပဒေအရအဆင့်အမြင့်ဆုံးသော လွှမ်းမိုးမှု၊ တရားဝင်မှုရှိသည့် အခြေခံဥပဒေဆိုင်ရာ စာချုပ်စာတမ်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို (အသွင်ကူးပြောင်းရေးကာလ) အစိုးရတစ်ရပ် ဖွဲ့စည်းတည်ဆောက်ခြင်းဆိုင်ရာ 'အခြေခံဥပဒေစာချုပ်စာတမ်း' တစ်ရပ်အဖြစ် နားလည်နိုင်သည်။ ထို့ပြင် ၎င်းတွင် (က) စာချုပ်စာတမ်းတွင် တရားဝင်ဖော်ပြထားသည့် ဥပဒေအရ အဆင့်အမြင့်ဆုံးသော လွှမ်းမိုးတရားဝင်မှုရှိခြင်း (ခ) အချိန်ကာလအားဖြင့် ယာယီ ကန့်သတ်ထားခြင်း (ဂ) အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးဆိုင်ရာလုပ်ငန်းစဉ်များ အတွက် ပံ့ပိုးခြင်းတို့ ပါဝင်သည်။
>
> (Zulueta–Fülscher 2015: 9)

ဤအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အညီ စဉ်းစားပါက ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဟုယူဆနိုင်သည့် အင်္ဂါရပ်များစွာ ပဋိညာဉ်တွင်တွေ့ရှိရသည်။ သို့သော်လည်း မူလပဋိညာဉ်နှင့် ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ၎င်းသည် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားခြင်း မရှိသည့်အပြင် ကြားကာလအစိုးရအဖွဲ့အစည်းများနှင့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ၎င်း၏ ပြဋ္ဌာန်းချက်များမှာလည်း ရှင်းလင်းမှုမရှိဘဲဝေဝါးနေဆဲဖြစ်သည်။ တောင်အာဖရိကနှင့် နီပေါနိုင်ငံတို့၏ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် နှိုင်းယှဉ်ကြည့်ပါက ဤအချက်သည် အထူးသိသာသည်။ စာတမ်းတွင် အသေးစိတ်ဖော်ပြထားခြင်းကသာ ထိုစာတမ်းသည် ဥပဒေရှုထောင့်မှကြည့်လျှင် မည်သည့်အသွင်ဆောင်ကြောင်း သတ်မှတ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ပဋိပက္ခဖြစ်ပွားနေစဉ် ရေးဆွဲရသည့်အခါ “ပါးလွှာသော” ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများကို မြင်တွေ့ရခြင်းမှာ အဆန်းမဟုတ်ပါ။

ပဋိညာဉ်နှင့် (အောက်တွင်သုံးသပ်ထားသည့်အတိုင်း) ၎င်း၏အကြောင်းအရာများကို မူကြမ်းရေးဆွဲခြင်းနှင့် ပြင်ဆင်တည်းဖြတ်ခြင်းကိုကြည့်ခြင်းအားဖြင့် ပဋိညာဉ်အား ဖွဲ့စည်းပုံအခြေခံဥပဒေအကြို မျှော်ရည်ချက်စာတမ်းနှင့် နိုင်ငံရေးကတိကဝတ်အဖြစ် ရည်ရွယ်ရေးသားထားပုံရသည်။ အချို့သောပဋိပက္ခများတွင် မျှော်ရည်ချက်စာတမ်းသည် ငြိမ်းချမ်းရေးသဘောတူညီချက်ဖြစ်နိုင်ပြီး ထို့နောက်မှ ၎င်းအား ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပိုမိုအသေးစိတ် ပြင်ဆင်ရေးဆွဲသည်များလည်းရှိသည် (ဥပမာ နီပေါနိုင်ငံ)။ သို့သော် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်သို့ ဤနည်းဖြင့် ကူးပြောင်းရန်အတွက် ထိုယေဘုယျမျှော်ရည်ချက် ပေးနိုင်သည့် ငြိမ်းချမ်းရေးသဘောတူညီချက် မရှိပါ။

**ပဋိညာဉ်နှင့် ၎င်း၏အကြောင်းအရာများကို မူကြမ်းရေးဆွဲခြင်းနှင့် ပြင်ဆင်တည်းဖြတ်ခြင်းကို ကြည့်ခြင်းအားဖြင့် ပဋိညာဉ်အား ဖွဲ့စည်းပုံအခြေခံဥပဒေအကြိုမျှော်ရည်ချက်စာတမ်းနှင့် နိုင်ငံရေးကတိကဝတ်အဖြစ် ရည်ရွယ်ရေးသားထားပုံရသည်။**

ထို့ကြောင့် (မူရင်းနှင့် ပြင်ဆင်တည်းဖြတ်ထားသော) ပဋိညာဉ်အား ဤရည်ရွယ်ချက်ကိုဖြည့်ဆည်းပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအကြိုစာတမ်းအဖြစ် ရှုမြင်နိုင်ပြီး ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ် (အစိတ်အပိုင်း ၁၊ အခန်း ၅) တွင် ဖော်ပြထားသည့်အတိုင်း ၎င်းသည် အကူးအပြောင်းကာလဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အပြီးသတ် သို့မဟုတ် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ရေးဆွဲရေးအတွက် လမ်းခင်းပေးခြင်းဖြစ်သည်။ လုပ်ထုံးလုပ်နည်းများအား နှိုင်းယှဉ်လေ့လာမှုအရ ဤကဲ့သို့သောစာတမ်းသည် မကြုံဖူးမကြားဖူးသည့် ပုံစံမျိုး မဟုတ်ပါ။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ခုကို

ရေးသားရန်အတွက် ၁၂ ဆင့် လမ်းပြမြေပုံတွင် အဆင့် ၂ ဆင့် ပါရှိပါသည်။ အသွင်ကူးပြောင်းရေးကာလအတွက် အစီအမံများဖော်ပြထားသော ပြင်ဆင်တည်းဖြတ်ထားသည့် ပဋိညာဉ်၏ အခန်း ၉ အရ NUCC သည် ဤကြားကာလအတွင်း အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီး အောက်ဖော်ပြပါ ပြည်သူ့ညီလာခံတစ်ခုထံသို့ အတည်ပြုချက်ရယူပြဋ္ဌာန်းရန် တင်သွင်းရမည်ဖြစ်သည် (အစိတ်အပိုင်း ၂၊ အခန်း ၉၊ ပုဒ်မ ၅၄–၅၅)။

## ပဋိညာဉ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိပါသနည်း။

CRPH သည် ပဋိညာဉ်ကို ထုတ်ပြန်ကြေညာသည့်နေ့တွင်ပင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကြောင်း သီးခြားကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည် (CRPH 2021b)။ CRPH အနေဖြင့် ဤဆောင်ရွက်မှု နှစ်ခုအား သီးခြားစီဆောင်ရွက်သည်ကို ထောက်ချင့်၍ ပဋိညာဉ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အတိုချုံ့ရေးသားထားခြင်း သို့မဟုတ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပဋိညာဉ်ဖြင့် အလိုလျောက်အစားထိုးခြင်းမဟုတ်ကြောင်း ယူဆနိုင်သည်။ လူမှုပဋိညာဉ်ရှုထောင့်မှကြည့်လျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်တပ်၏ တရားမဝင်သောလုပ်ဆောင်မှုများကြောင့် သတ်မှတ်ပြဋ္ဌာန်းချက်များပျက်ပြယ်ကာ သြဇာမရှိတော့ဘဲ နိုင်ငံရေးအရ 'သေဆုံးပြီ' သို့မဟုတ် တရားမဝင်ဟု ယူဆနိုင်သည်။ သို့သော်လည်း ဥပဒေရေးရာရှုထောင့်မှကြည့်လျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်သို့မည်ပုံ ဖျက်သိမ်းပြီး တရားဝင်ဖျက်သိမ်းရန် မည်သည့်အာဏာလိုအပ်မည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။

ပဋိညာဉ်၏ အင်္ဂါရပ်အချို့နှင့် NUG နှင့် CRPH အဖွဲ့ဝင်များ၏ ထုတ်ပြန်ချက်များသည် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြင့် အစားထိုးသည်အထိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေအရ (အနည်းဆုံး တစ်စိတ်တစ်ပိုင်း) အသက်ဝင်ဆဲဖြစ်သည်ဟု အသိအမှတ်ပြုသည့်ဟန် တွေ့ရသည်။ ဥပမာအားဖြင့် (မူရင်းနှင့် ပြင်ဆင်တည်းဖြတ်ထားသော) ပဋိညာဉ်ကိုယ်၌တွင်ပင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ *အပြီးတိုင်* ဖျက်သိမ်းရေးအား ရည်မှန်းချက်တစ်ရပ်အဖြစ် ထည့်သွင်းဖော်ပြထားပြီး (အစိတ်အပိုင်း ၁၊ အခန်း ၁ တွင် ခေါင်းပေးထည့်သွင်းထား) ပဋိညာဉ်အား အကောင်အထည်ဖော်ရေးအတွက် ရှေ့ဆက်လှမ်းမည့် ခြေလှမ်းကို 'အာဏာရှင်စနစ်ပပျောက်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း' ဟု ဖော်ပြထားသည် (မူရင်းတွင် အစိတ်အပိုင်း ၁၊ အခန်း ၃၊ အပိုဒ် ၅ နှင့် ပြင်ဆင်တည်းဖြတ်ထားသောပဋိညာဉ်တွင် အစိတ်အပိုင်း ၁၊ အခန်း ၃၊ အပိုဒ် ၇)။ ထို့ကြောင့် ပဋိညာဉ်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတိအလင်းဖျက်သိမ်းကြောင်း ဖော်ပြမထားသည်မှာ ရှင်းလင်းသော်လည်း ပဋိညာဉ်အား ထုတ်ပြန်ကြေညာပြီးနောက် CRPH မှ ထုတ်ပြန်လိုက်သည့် ကြေညာချက်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အမှန်တကယ် ဖျက်သိမ်းစေခြင်း ရှိမရှိမှာ မေးခွန်းထုတ်စရာဖြစ်နေသေးသည်။ ဖျက်သိမ်းခြင်းဖြစ်ပါက ပြည်သူလူထု၏ ဆန္ဒကို ကိုယ်စားပြုသည့် ဒီမိုကရေစီအင်အားစုများ၏ ရှုထောင့်မှကြည့်လျှင် ပဋိညာဉ်အား မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကနဦးပင်မစာတမ်းအဖြစ် သတ်မှတ်နိုင်သည်။

ပဋိညာဉ်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတိအလင်းဖျက်သိမ်းကြောင်း ဖော်ပြမထားသည်မှာ ရှင်းလင်းသော်လည်း ပဋိညာဉ်အား ထုတ်ပြန်ကြေညာပြီးနောက် CRPH မှ ထုတ်ပြန်လိုက်သည့် ကြေညာချက်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အမှန်တကယ် ဖျက်သိမ်းစေခြင်း ရှိမရှိမှာ မေးခွန်းထုတ်စရာဖြစ်နေသေးသည်။ ဖျက်သိမ်းခြင်းဖြစ်ပါက ပြည်သူလူထု၏ ဆန္ဒကို ကိုယ်စားပြုသည့် ဒီမိုကရေစီအင်အားစုများ၏ ရှုထောင့်မှကြည့်လျှင် ပဋိညာဉ်အား မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကနဦးပင်မစာတမ်းအဖြစ် သတ်မှတ်နိုင်သည်။

ဤအဆိုပြုချက်သည် ဂရုပြုဖြေရှင်းရမည့် ဥပဒေဆိုင်ရာ စိန်ခေါ်မှုများနှင့် မသေချာမရေရာမှုများစွာ ရှိနိုင်သည်။

## ပဋိညာဉ်ကို (ဥပဒေကြောင်းအရ) မည်သို့ အာဏာတည်စေမည်နည်း။

ပဋိညာဉ်သည် အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်း ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဝိသေသလက္ခဏာများစွာနှင့် ကိုက်ညီသော်လည်း ၎င်း၏ ဥပဒေအရအာဏာတည်မှုနှင့်ပတ်သက်၍ မေးခွန်းထုတ်ဖွယ်ရာကြီးကြီးမားမား ရှိနေပါသေးသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်များ၊ အခြားသော အသွင်ကူးပြောင်းရေးအစီအမံများနှင့်ကွာခြားသည့် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အဓိကအင်္ဂါရပ်မှာ တရားဥပဒေအရ အာဏာတည်စေနိုင်စွမ်းဖြစ်သည်။ မူလပဋိညာဉ်တွင် ဥပဒေအရ အာဏာတည်စေနိုင်မှု မပါရှိခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဥပဒေအထောက်အကူပေးရေးကွန်ရက်က ပဋိညာဉ်တွင် အသက်ဝင်အာဏာတည်စေရေးယန္တရားများ မပါဝင်မှုအပေါ် စိုးရိမ်ကြောင်းဖော်ပြခဲ့ပြီး ပဋိညာဉ်အား မည်သို့အကောင်အထည်ဖော်မည်၊ လိုက်နာအောင်မည်သို့ဆောင်ရွက်မည်ကို မေးခွန်းထုတ်ထားသည် (ဥပဒေအထောက်အကူပြုကွန်ရက် ၂၀၂၁)။ လုံခြုံရေးအခြေအနေများအရ CRPH သို့မဟုတ် NUG သည် က)၂၀၂၂ ခုနှစ် မေလအထိ မြန်မာနိုင်ငံ၏နေရာအနှံ့အပြားတွင် ထိရောက်စွာအုပ်ချုပ်နိုင်မှုမရှိခြင်း သို့မဟုတ် တိုက်ရိုက်အာဏာကို ကျင့်သုံးနိုင်မှုမရှိခြင်း၊ ခ) ပဋိညာဉ်တွင် ပဋိညာဉ်အာဏာတည်စေရေးကို အနည်းဆုံးအနေဖြင့် စာရွက်ပေါ်တွင် ထောက်ကူပံ့ပိုးနိုင်မည့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းပါဝင်မှုမရှိခြင်းတို့ကို ထောက်ချင့်ပါက ဤစိန်ခေါ်မှုများသည် အလွန်ကြီးမားသည်။ ပဋိညာဉ်စာတမ်းသည် အသက်ဝင်အာဏာတည်စေနိုင်မှုမရှိဘဲ လိုက်နာဆောင်ရွက်စေရေး ယန္တရားများ မရှိသည့်အခြေအနေတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်ခြင်းဖြစ်ပါက မြန်မာနိုင်ငံတွင် ဥပဒေအရ မသေချာမရေရာမှုများပြားသည့်ကာလ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ လေဟာနယ်တစ်ခုဖြစ်ပေါ်လာသည့် အန္တရာယ်ရှိပါသည်။

NUG နှင့် NUCC တို့သည် ကြားကာလတရားစီရင်ရေးကဏ္ဍအတွက် မူဝါဒများကို ပူးတွဲရေးဆွဲမည်ဟု မူရင်းပဋိညာဉ်စာတမ်း၏ အခန်း ၆ ရှိ အပိုဒ်တစ်ခုတွင်သာ ဖော်ပြထားပြီး ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်စာတမ်း၏ အခန်း ၇ တွင် ကြားကာလတရားစီရင်ရေးကဏ္ဍနှင့် ပတ်သက်သည့် အပိုဒ်ခြောက်ခုပါရှိကြောင်း သတိပြုသင့်သည်။ NUG မှ အသိအမှတ်ပြုထားသော အရပ်ဘက်တရားရုံးများနှင့် EAOs/EROs ထိန်းချုပ်မှုအောက် နယ်မြေများရှိ EAO/ERO တို့၏တည်ရှိပြီးသား တရားစီရင်ရေးစနစ်များသည် တရားဝင်ဖြစ်သည်ဟု ဖော်ပြထားပြီး NUCC သည် ပြည်နယ်/ဖက်ဒရယ်ယူနစ်များအတွင်း ကိစ္စရပ်များကို တရားစီရင်ရန်အတွက် ပူးတွဲတရားစီရင်ရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီများကိုလည်း ဖွဲ့စည်းမည်ဖြစ်ကြောင်း ပဋိညာဉ်တွင်ဖော်ပြထားသည် (ပြန်လည်ပြင်ဆင် တည်းဖြတ်ထားသည့် FDC၊ အစိတ်အပိုင်း ၂၊ အခန်း ၇၊ ပုဒ်မ ၄၇–၄၉)။ သို့သော် NUCC မှ ယခုအချိန်အထိ အရပ်ဘက်တရားရုံးတစ်ခုကိုမျှ အတိအလင်းအသိအမှတ်မပြုသေးဘဲ လက်ရှိ EAO/ERO များ၏ တရားစီရင်ရေးစနစ်များဆိုသည်မှာ အမှန်တကယ်မည်သည်ကို ဆိုလိုခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမသိရပေ။ ပို၍အရေးအကြီးသည်မှာ NUCC မှ အသိအမှတ်ပြုထားသော အရပ်ဘက်တရားရုံး

များ (၎င်းတို့ပေါ်ပေါက်လာသောအခါ) နှင့် EAO/ERO တို့၏ တရားစီရင်ရေးစနစ်များသည် ဤကြားကာလတွင် တရားဥပဒေစိုးမိုးရေးကို မည်သို့အာမခံနိုင်မည်နည်းဆိုသည့် မေးခွန်းဖြစ်သည်။

အရေးကြီးဆုံးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန် တရားစီရင်ရေး အဖွဲ့အစည်းတစ်ခုအား မည်သည့်အခန်းကဏ္ဍကိုမျှ ပေးအပ်မည့်ဟန် ပဋိညာဉ်တွင်မတွေ့ရပါ။ အများသဘောဆန္ဒတူညီမှုရရှိရန်နှင့် ပူးပေါင်းဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများအားလုံးကို ကြားကာလစီမံအုပ်ချုပ်မှုအဖွဲ့အစည်းများအနက် နယ်ပယ်အသီးအသီးမှ သက်ဆိုင်သူများပါဝင်မှု အများဆုံးဖြစ်သည့် NUCC တွင်သာ ဆွေးနွေးဖြေရှင်းရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ (အနည်းဆုံးစာရွက်ပေါ်တွင်) ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဖြင့် ဖြေရှင်းခြင်းကဲ့သို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်၏အခြေခံမှုကို လိုက်နာသောစနစ်များတွင် ဖြေရှင်းသကဲ့သို့ ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များအပေါ်အခြေခံ၍ တောင်းဆိုချက်များကို လွတ်လပ်သော တရားစီရင်ရေး အဖွဲ့အစည်းများမှ ဖြေရှင်းခြင်းအားတားဆီးရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုသဘောအရ ပဋိညာဉ်တွင် ကနဦးဖွဲ့စည်းပုံအခြေခံဥပဒေ၏ အင်္ဂါရပ်များကို ရှင်းရှင်းလင်းလင်းမြင်တွေ့ရပြီး လွတ်လပ်သော တရားစီရင်ရေးအဖွဲ့အစည်းက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းထက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာများကို နိုင်ငံရေးအရ ညှိနှိုင်းဖြေရှင်းမှုများဖြင့်သာ အဓိကညှိနှိုင်း ဖြေရှင်းမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန် တရားစီရင်ရေး အဖွဲ့အစည်းတစ်ခုအား မည်သည့်အခန်းကဏ္ဍကိုမျှ ပေးအပ်မည့်ဟန် ပဋိညာဉ်တွင်မတွေ့ရပါ။ အများသဘောဆန္ဒ တူညီမှုရရှိရန်နှင့် ပူးပေါင်းဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများအားလုံးကို ကြားကာလ စီမံအုပ်ချုပ်မှု အဖွဲ့အစည်းများအနက် နယ်ပယ်အသီးအသီးမှ သက်ဆိုင်သူများ ပါဝင်မှုအများဆုံးဖြစ်သည့် NUCC တွင်သာ ဆွေးနွေးဖြေရှင်းရမည်ဖြစ်သည်။

## ၃။ ပဋိညာဉ်ပါ အကြောင်းအရာများ

ပဋိညာဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အရေးပြဿနာများနှင့် ပဋိညာဉ်၏ ရည်ရွယ်ချက်နှင့်သက်ဆိုင်သည့် အခြေခံမေးခွန်းများကို ပြန်လည်သုံးသပ်ပြီးနောက် ပဋိညာဉ်ပါ အကြောင်းအရာများကို လေ့လာကာ မှတ်ချက်ပြုသင့်သည့် ပြဿနာများနှင့် ပြဋ္ဌာန်းချက်များကို ဤမှတ်စုတိုတွင် ဖော်ပြပါမည်။[၁]

၁ စာဖတ်သူများအနေဖြင့် အထူးသဖြင့် ဤအပိုင်းအတွက် ကြိုတင်သိထားသင့်သည့်အချက်အချို့ရှိပါသည်။ (၁) လူမှုကွန်ရက်တွင်ဖြန့်ဝေခဲ့သည့် အင်္ဂလိပ်ဘာသာဖြင့် တရားဝင်ပြန်ဆိုထားခြင်းမဟုတ်သော ပဋိညာဉ်အပေါ် အခြေခံ၍ ဤမှတ်စုတိုကို ရေးသားထားခြင်းဖြစ်သည်။ ထိုအင်္ဂလိပ်ဘာသာပြန်ကို မူရင်းမြန်မာဘာသာဖြင့်ရေးသားထားသည့် ပဋိညာဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးပြီးသော်လည်း ရေရာမှုမရှိသည့်အချက်များ သို့မဟုတ် ပြဋ္ဌာန်းချက်များတစ်ခုနှင့်တစ်ခု ဆီလျှော်မှုမရှိခြင်းတွေ့ရပါက ဘာသာပြန်ဆိုခြင်း၏အားနည်းချက်ကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ (၂) ခြုံငုံသုံးသပ်ကြည့်ပါက ပဋိညာဉ်ကိုယ်၌သည်ပင်လျှင် သေချာရေရာမှုနည်းသည့် စာတမ်းတစ်ခုဖြစ်ပြီး ၎င်းတင်ပြထားသည့်စနစ်များကို အသေးစိတ်လေ့လာရန်ခက်ခဲပါသည်။ ဥပမာအားဖြင့် ပဋိညာဉ်တွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ တိုင်းရင်းသားလူမျိုးစုများကိုယ်စားပြုမှုရှိစေရန် ကတိပေးထားသော်လည်း အဖွဲ့အစည်းဆိုင်ရာ သို့မဟုတ် ရွေးကောက်ပွဲစနစ်ပုံစံများအရ ထိုသို့ကိုယ်စားပြုမှုရှိစေရန် မည်သို့မည်ပုံ ဆောင်ရွက်မည်ကို ဖော်ပြမထားပေ။ (၃) ဥပဒေရေးရာရှုထောင့်မှကြည့်လျှင် ပဋိညာဉ်၏ ဖွဲ့စည်းပုံသည် အနည်းငယ် ရှုပ်ထွေးနေသည်။ အစိတ်အပိုင်းနှစ်ပိုင်းသည် ဥပဒေအားဖြင့် တစ်ပိုင်းနှင့်တစ်ပိုင်း မည်သို့ဆက်စပ်နေသည်မှာ မရှင်းလင်းပါ (ဆိုလိုသည်မှာ အစိတ်အပိုင်း ၂ တွင်ဖော်ပြထားသော ကြားကာလအစိုးရအဖွဲ့ကို အစိတ်အပိုင်း ၁ ရှိ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များဖြင့် ထိန်းချုပ်ထားပါသလား)။

## အစိတ်အပိုင်း ၁ – အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပုံဒီဇိုင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်အတွက် အခြေခံမူများ

ပဋိညာဉ်၏ အစိတ်အပိုင်း ၁ သည် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရေးလုပ်ငန်းစဉ်အပြင် အသွင်ကူးပြောင်းရေး ကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များအတွက် လမ်းညွှန်မှုပေးရန် အထူး အလေးပေးထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် လုပ်ငန်းစဉ်၌သာမက အကြောင်းအရာ အရပါ ထည့်သွင်းစဉ်းစားရမည့် အခြေခံမူများပါရှိသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အစိတ်အပိုင်း ၁ ၏ အကြောင်းအရာများတွင် တိုင်းရင်းသားအဖွဲ့များ၏ တောင်းဆိုမှုများအား သိသာထင်ရှားစွာ လိုက်လျောသဘောတူညီမှုများကိုဖော်ပြထားပြီး အများစုမှာ အနာဂတ် ဖက်ဒရယ်စနစ်၏ အခြေခံမူများ၊ နိုင်ငံသားနှင့် ဒီမိုကရေစီအခွင့်အရေးများနှင့်စပ်လျဉ်းသည့် တောင်းဆိုမှုများဖြစ်သည်။

အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ပြင်ဆင် တည်းဖြတ်ထားသည့် ပဋိညာဉ်၏အစိတ်အပိုင်း ၁ တွင် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရန်၊ အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲရန် တိုင်းပြုပြည်ပြု ညီလာခံခေါ်ယူကျင်းပခြင်းနှင့် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုရန် လူထု ဆန္ဒခံယူပွဲကျင်းပခြင်း (အခန်း ၃၊ အပိုဒ် ၁၁) စသည့် ကတိကဝတ်များ ပါဝင်သည် (အခန်း ၃၊ အပိုဒ် ၈၊ ၁၀၊ ၁၁)။ အစိတ်အပိုင်း ၁ တွင်ဖော်ပြထားသော ဤဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် နောက်ထပ်အသေးစိတ်အချက်အလက်များကို အစိတ် အပိုင်း ၂ တွင်တွေ့ရပြီး ထပ်ဆောင်းရှင်းလင်းထားသည်။ NUCC သည် အသွင်ကူးပြောင်းရေး ကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်ကို ဦးဆောင်အကောင်အထည်ဖော်ပြီး အတည်ပြုချက်ရယူရန် ပြည်သူ့ညီလာခံသို့ တင်သွင်းရုံသာမက အပြီးသတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရေးလုပ်ငန်းအစီအစဉ်ကိုလည်းချမှတ်မည်ဖြစ်သည် (အစိတ်အပိုင်း ၂၊ အခန်း ၃၊ အပိုဒ် ၁၇(ဆ၊ ဇ))။ ဆိုလိုသည်မှာ NUCC သည် နောင်ကျင်းပလာမည့် တိုင်းပြုပြည်ပြု ညီလာခံတွင်လည်း ဩဇာလွှမ်းမိုးမှုရှိ၍ ဆက်လက်ပါဝင်နေမည်ဟုနားလည်နိုင်သည်။ ပြင်ဆင် တည်းဖြတ်ထားသော ပဋိညာဉ်တွင် NUCC ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့တွင် အဖွဲ့ဝင်မည်မျှပါဝင်မည်ကို သတ်မှတ်မထားသကဲ့သို့ အဆိုပါအဖွဲ့ဝင်များအား မည်သို့ရွေးချယ် မည် (သို့မဟုတ် ရွေးကောက်တင်မြှောက်မည်) ကို ဖော်ပြမထားပေ။ သို့ရာတွင် NUCC သည် ၎င်း၏ အဖွဲ့ငါးဖွဲ့မှ အဖွဲ့ဝင်များ၏ အကြံဉာဏ်များကို အဓိကထားရယူမည်ဟု ယူဆပါက မမှားနိုင်ပေ။ NUCC သည် ၎င်း၏တာဝန်များကို အကောင်အထည်ဖော်ရန် လိုအပ်သလို ဖွဲ့စည်းနိုင်သည့် နည်းပညာအထောက်အကူအဖွဲ့များထံမှလည်း အကြံဉာဏ်များရယူနိုင်သည် (အစိတ်အပိုင်း ၂၊ အခန်း ၃၊ အပိုဒ် ၁၇ (ဠ))။

မူလပဋိညာဉ်ရေးဆွဲခြင်းနှင့် ဆက်စပ်ကြားကာလအစိုးရအဖွဲ့၏ကြိုးပမ်းအားထုတ်မှု များကို (၂၀၂၀ ရွေးကောက်ပွဲရလဒ်နှင့် အချိန်ကန့်သတ်ချက်များကြောင့်) NLD က လွှမ်းမိုးထား သည်ဟု ယူဆနိုင်သော်လည်း အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် အများအားဖြင့် အများ သဘောတူထားသည့် စာချုပ်စာတမ်းဖြစ်ကြောင်း သေချာစေရေးနှင့် အနာဂတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အကြောင်းအရာနှင့်ပတ်သက်သည့် စေ့စပ်ညှိနှိုင်းမှုများအပေါ် တိုင်းရင်းသားအဖွဲ့ငယ်

**ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ဖော်ပြထားသည့် အသွင်ကူးပြောင်းရေးဆိုင်ရာနှင့် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေများ ကိုရေးသားရာတွင် ပိုမိုကျယ်ပြန့်ပြီး ပိုမိုပါဝင်မှုရှိသော NUCC အား ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရန် အပ်နှင်းခြင်းသည် အရေးကြီးသော ပထမခြေလှမ်းဖြစ်သည်။**

များနှင့် ဒီမိုကရေစီအင်အားစုများက အဓိပ္ပါယ်ပြည့်ဝသော ဩဇာလွှမ်းမိုးမှုရှိစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့နှင့် ဆုံးဖြတ်ချက်ချမှတ်သည့်ယန္တရားတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်မှုရှိရန် အရေးကြီးမည်ဖြစ်သည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ဖော်ပြထားသည့် အသွင်ကူးပြောင်းရေးဆိုင်ရာနှင့် အမြဲတမ်းဖွဲ့စည်းပုံအခြေခံဥပဒေ များကိုရေးသားရာတွင် ပိုမိုကျယ်ပြန့်ပြီး ပိုမိုပါဝင်မှုရှိသော NUCC အား ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရန် အပ်နှင်းခြင်းသည် အရေးကြီးသော ပထမခြေလှမ်းဖြစ်သည်။ အစိတ်အပိုင်း (၁) အခန်း (၄) တွင်ဖော်ပြထားသည့် အာဏာအများစုကို ဗဟို (ဖက်ဒရယ်) အစိုးရထံတွင်မထားဘဲ ပြည်နယ်အစိုးရ အဆင့်အသီးသီးတွင် ထားရှိသည်ဆိုသည့် ဖက်ဒရယ်အခြေခံမူများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခြင်းတွင် ထိုပြည်နယ်များအား အဓိကအခန်းကဏ္ဍ ပေးအပ်မည်ဟုယူဆနိုင်သည်။

အစိတ်အပိုင်း ၁ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးလုပ်ငန်းစဉ်ကို အကြမ်းဖျင်းဖော်ပြထားသည့်အပြင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက် ပဓာနလိုအပ်ချက်များကိုလည်း ပြဋ္ဌာန်းထားကာ အများစုကို အစိတ်အပိုင်း (၁)၊ အခန်း (၄) တွင် ဖော်ပြထားသည်။ အခန်း ၄ ကို 'ပြည်ထောင်စုမျှော်ရည်ချက်နှင့် ပြည်ထောင်စုစံတန်ဖိုးများ၊ 'ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ' နှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး အခြေခံမူဝါဒများ' ဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားသတ်မှတ်ထားကာ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိရမည့် အဓိကလိုအပ်ချက်များကို ဖော်ပြထားသည်။ မူလပဋိညာဉ်တွင် လိုအပ်ချက် ၃၇ ချက်ရှိရာမှ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ၆၃ ချက် သို့ တိုးမြှင့်ထားသည်။ ဖော်ပြထားသည့် အခြေခံမူဝါဒများအနက် အာဏာခွဲဝေရန် ကတိကဝတ်ပြုခြင်းကဲ့သို့သော အချို့မူဝါဒများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအခြေပြု ဒီမိုကရေစီစနစ်များစွာတွင် တွေ့ရှိနိုင်သော်လည်း အချို့မှာ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နိုင်ငံရေးအခင်းအကျင်းနှင့် လိုက်လျောညီထွေဖြစ်စေရန် မွမ်းမံပြင်ဆင်ထားခြင်းဖြစ်သည် (ဥပမာ မျှော်ရည်ထားသော ဖက်ဒရယ်စနစ်ပုံစံ)။ အချုပ်ဆိုရသော် အခန်း ၄ သည် အောက်ပါအဓိကအင်္ဂါရပ်များပါရှိသည့် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ကို မျှော်ရည်ထားခြင်းဖြစ်သည်။

- *အချုပ်အခြာအာဏာကို ဖက်ဒရယ်ယူနစ်များ ("အဖွဲ့ဝင်ပြည်နယ်များ") နှင့် ထိုပြည်နယ်များရှိ ပြည်သူလူထုက ပိုင်ဆိုင်သည်* – အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်၏ အာဏာသဘောသဘာဝကို ပဋိညာဉ်တွင် အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းဖြစ်သည်။ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်သည် (အပိုဒ် ၄) ဟု ပြဋ္ဌာန်းထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်စွာပင် ပဋိညာဉ်တွင် မြန်မာနိုင်ငံကို နိုင်ငံများပေါင်းစုထားခြင်းအဖြစ် ရှုမြင်ဖော်ပြထားပြီး ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များမှ ပြည်သူလူထုက ၎င်းတို့၏ သက်ဆိုင်ရာပြည်နယ်အစိုးရများမှတစ်ဆင့် 'အချုပ်အခြာအာဏာကိုမူရင်းပိုင်ဆိုင်သူများ' ဖြစ်ကြောင်း ဆိုထားသည်။ ထိုသို့သောအယူအဆသည် အချုပ်အခြာအာဏာပိုင်ဖက်ဒရယ်ယူနစ်များ၏ အတူတကွပေါင်းစည်းမှု (ကွန်) ဖက်ဒရေးရှင်းသဘောပုံစံရှိပြီး ဗဟိုအဆင့်သည် အဖွဲ့ဝင်ပြည်နယ်များမှ ပေးအပ်ထားသော တာဝန်

ဝတ္တရားများကိုသာ တိတိကျကျ ထမ်းဆောင်ခွင့်ရှိသည်။ သို့သော် အရေးကြီးသည်မှာ ထိုပြည်သူလူထုနှင့် ပြည်နယ်များသည် မည်သူမည်ဝါဖြစ်သည်ဆိုသည်ကို အတိအကျ ဖော်ပြထားခြင်းမရှိသောကြောင့် ယင်းအား နောင်တွင်ဆွေးနွေးညှိနှိုင်းရန်လိုအပ်မည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ပြည်နယ်အဖွဲ့ဝင်အရေအတွက် သတ်မှတ်ထားခြင်းမရှိသကဲ့သို့ ထိုပြည်နယ်များအား မည်သည့်စံနှုန်းများအပေါ် အခြေခံ၍ သတ်မှတ်မည်ဆိုသည်ကိုလည်း မဖော်ပြသည့်အပြင် ပြည်နယ်အဖွဲ့ဝင်အသစ်များကို ခွင့်ပြုမည် သို့မဟုတ် အသစ်ဖွဲ့ရန်တောင်းဆိုခြင်းရှိမရှိတို့အား ပဋိညာဉ်တွင် ဖော်ပြမထားပေ။ ရှိရင်းစွဲသတ်မှတ်ချက်များအတိုင်း ဆက်လက်ကျင့်သုံးနိုင်သော်လည်း (ဥပမာအားဖြင့်) ပြည်နယ်နှင့် တိုင်းဒေသကြီးများကြား ခြားနားမှုကို ဆက်လက်ထိန်းသိမ်းထားမည်၊ မထားမည်မှာ မရှင်းလင်းပါ။ ဖက်ဒရယ်နယ်နိမိတ် သို့မဟုတ် မြို့တော်တည်နေရာကိစ္စရပ်နှင့်ပတ်သက်၍ပဋိညာဉ်တွင် လုံးလုံးလျားလျား ဖော်ပြထားခြင်းမရှိပေ။

**ပြည်နယ်အဖွဲ့ဝင်အရေအတွက် သတ်မှတ်ထားခြင်းမရှိသကဲ့သို့ ထိုပြည်နယ်များအား မည်သည့်စံနှုန်းများအပေါ် အခြေခံ၍ သတ်မှတ်မည်ဆိုသည်ကိုလည်း မဖော်ပြသည့်အပြင် ပြည်နယ်အဖွဲ့ဝင်အသစ်များကို ခွင့်ပြုမည် သို့မဟုတ် အသစ်ဖွဲ့ရန် တောင်းဆိုခြင်း ရှိ၊မရှိတို့အား ပဋိညာဉ်တွင် ဖော်ပြမထားပေ။ ဖက်ဒရယ်နယ်နိမိတ် သို့မဟုတ် မြို့တော်တည်နေရာကိစ္စရပ်နှင့် ပတ်သတ်၍ ပဋိညာဉ်တွင် လုံးလုံး လျားလျား ဖော်ပြထားခြင်းမရှိပေ။**

- *ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ဖက်ဒရယ်စနစ်* – ထူးခြားသည်မှာ ပဋိညာဉ်အရ အာဏာအားလုံးကို ဗဟို (ဖက်ဒရယ်) အစိုးရနှင့် ဖက်ဒရယ်ယူနစ်အစိုးရများ ခွဲဝေကျင့်သုံးမည်ဖြစ်သည် (ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး)။ ဗဟိုအဆင့်နှင့် ဖက်ဒရယ်ယူနစ်အဆင့်အဖွဲ့အစည်းများအကြား တာဝန်ခွဲဝေရာတွင် မူဝါဒပြဿနာတစ်ရပ်ကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနိုင်မည့် အနိမ့်ဆုံးအစိုးရထံသို့ အာဏာပေးအပ်သည့် Principle of Subsidiarity (ပြည်သူလူထုနှင့် အနီးကပ်ဆုံးအစိုးရအဆင့်က လုပ်ဆောင်နိုင်သည်အထိ လုပ်ပိုင်ခွင့်ပြုသောစနစ်) ကို အခြေခံကျင့်သုံးမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု (ဗဟို) အစိုးရထံတွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ဘုံအကျိုးစီးပွားအတွက် ကျင့်သုံးရန်လိုအပ်သည့် အခွင့်အာဏာများ(သာ) ရှိပြီး ဖက်ဒရယ်အဖွဲ့ဝင်ပြည်နယ်များသည် ကျန်ရှိသော အကြွင်းအကျန်အာဏာအားလုံးကို ပိုင်ဆိုင်မည်ဖြစ်သည် (အစိတ်အပိုင်း ၁၊ အခန်း ၄၊ အပိုင်း ၃၊ အပိုဒ် ၆)။ ယင်းအစီအမံသည် ၎င်းတို့၏ ဖက်ဒရယ်ယူနစ်များအတွက် ပိုမိုလွတ်လပ်သော၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို နှစ်ရှည်လများ တောင်းဆိုခဲ့သော တိုင်းရင်းသားအုပ်စုများအတွက် အရေးကြီးသော လိုက်လျောမှုတစ်ရပ်ဖြစ်သည်။ 'အဖွဲ့ဝင်ပြည်နယ်များ' (ဖက်ဒရယ်ယူနစ်များ) အားလုံးသည် 'တန်းတူအခွင့်အရေး' ရရှိမည်ဖြစ်ပြီး အားလုံးတန်းတူသော အချိုးတူဖက်ဒရယ်စနစ်ကျင့်သုံးမည်ဟု ယူဆနိုင်သည်။ အစိုးရ အချင်းချင်းဆက်ဆံရေးကိုလည်း ပဋိညာဉ်တွင်ထည့်သွင်း ဖော်ပြထားသည်။ ဖက်ဒရယ်ယူနစ်များသည် ကိုယ်ပိုင်အခွန်ဘဏ္ဍာ ကောက်ခံရေးယန္တရားများ ဖွဲ့စည်းထားရှိနိုင်သည်ဟု ပဋိညာဉ်တွင်ဖော်ပြထားသော်လည်း ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်အတွက် အစီအမံများကို (ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားမည့်အစား) ဥပဒေပြုခြင်းမှတဆင့် ပိုမိုအသေးစိတ် ပြဋ္ဌာန်းသတ်မှတ်မည်ဖြစ်သည်။ မြေယာနှင့် သဘာဝသယံဇာတများကို ပြည်နယ်အတွင်းရှိ ပြည်သူလူထုက ပိုင်ဆိုင်ပြီး ပြည်နယ်အစိုးရများက စီမံခန့်ခွဲမည်ဖြစ်ကာ ဤအချက်သည် EAO/ERO များ နှစ်ရှည်လများတောင်းဆိုခဲ့သော တောင်းဆိုမှုနောက်တစ်ရပ်ကို လိုက်လျောခြင်းပင်ဖြစ်သည်။ သတိပြုရမည်မှာ ပြည်နယ်အစိုးရများတွင် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခွင့် ရရှိမည်ဖြစ်သည်။ ဤအချက်သည် ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံ

များတွင် အငြင်းပွားခဲ့ရသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူ စာချုပ် (NCA) လက်မှတ်ရေးထိုးထားသော EAO များ နှစ်ရှည်လများ တောင်းဆိုခဲ့သည့် အဓိကတောင်းဆိုချက်တစ်ခုပင်ဖြစ်သည်။ မူလ FDC တွင် ဒေသန္တရအဆင့်အုပ်ချုပ်မှု သည် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်ဖြစ်ပြီး ပြည်နယ်များ၏ ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် ထိန်းကျောင်းသွားမည်ဟု ဖော်ပြထားသော်လည်း ပြင်ဆင်တည်း ဖြတ်ထားသော FDC တွင် ဒေသန္တရအဆင့် အုပ်ချုပ်မှုအကြောင်း မဖော်ပြထားပါ။ ဖက်ဒရယ်ယူနစ်များ၏ အခွင့်အာဏာတွင် နိုင်ငံသားပေးခြင်းလည်း ပါဝင်မည်ဖြစ်ပြီး ဤအချက်သည် လုပ်ထုံးလုပ်နည်းများအား နှိုင်းယှဉ်လေ့လာမှုရှုထောင့်မှကြည့်သော် တစ်မူထူးခြားသည့် အချက်ဖြစ်သည်။

- *အောက်လွှတ်တော်နှင့် အထက်လွှတ်တော်အကြား အာဏာတူညီစွာ ထားရှိသည့် လွှတ်တော်နှစ်ရပ်* – ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ရှိကျင့်သုံးနေသော အစီ အမံနှင့် နှိုင်းယှဉ်ပါက ဤအချက်သည် ကြီးမားသော အပြောင်းအလဲတစ်ရပ်ဖြစ်သည်။ ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်ချရာတွင် ဖက်ဒရယ်ယူနစ်များ၏ ဩဇာလွှမ်းမိုးမှု ကို ဤအစီအမံဖြင့် ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည် မှာ အောက်လွှတ်တော်ကိုယ်စားလှယ်များကို 'မြို့နယ် သို့မဟုတ် လူဦးရေအပေါ် အခြေခံ' (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကြွင်းအကျန်အငွေ့အသက်) ၍ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပြီး အထက်လွှတ်တော်ကိုယ်စားလှယ်များကို 'အဖွဲ့ဝင်ပြည်နယ်များမှ ရွေးချယ်စေလွှတ်' ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်း ဖြင့် ပြည်နယ်များ၏ ပြည်နယ်လွှတ်တော်များမှတဆင့် သွယ်ဝိုက်ရွေးကောက်တင် မြှောက်ခြင်း သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ခန့်အပ်ခြင်းကိုပင် ဆောင်ရွက် နိုင်သည့် လမ်းစပေါ်လာမည်ဖြစ်သည်။ အဖွဲ့ဝင်ပြည်နယ်အားလုံးတွင် ကိုယ်စား လှယ်အရေအတွက် တူညီစွာရှိရမည်ဖြစ်သည်။ အောက်လွှတ်တော်နှင့် ပတ်သက်၍ အောက်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မြန်မာနိုင်ငံ၏ လက်ရှိမြို့နယ် ၃၃၀ ဖြင့် ဖွဲ့စည်းထားမှုအား ကျင့်သုံးမည်လော သို့မဟုတ် လူဦးရေ စာရင်းကို အခြေခံ၍ရွေးကောက်တင်မြှောက်မည်ဆိုပါက မည်သည့်လူဦးရေစာရင်း အား အသုံးပြုပါမည်လဲဆိုသည့် မေးခွန်းထုတ်စရာတစ်ခု ရှိပါသည်။

- *အစိုးရအသွင်ပုံစံ ပြောင်းလဲခြင်း* – ပြည်ထောင်စုအဆင့်တွင် 'ဝန်ကြီးချုပ်ဦးဆောင် သောစနစ် (Parliamentary System)' ထူထောင်ရန် ပဋိညာဉ်တွင် ဖော်ပြထားသည်။ ဖက်ဒရယ်ပြည်ထောင်စုအား ပြည်ထောင်စုဦးသျှောင် သို့မဟုတ် သမ္မတတစ်ဦးပါရှိ သည့် ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့ကဦးဆောင်မည်ဖြစ်သည်။ အုပ်ချုပ်ရေး တာဝန်ရှိသူကို ရာထူးမှဖြုတ်ချရန် တရားစွဲဆိုခြင်းလုပ်ငန်းစဉ်ဖြင့် မဟုတ်ဘဲ အယုံ အကြည်မရှိကြောင်း အဆိုတင်သွင်း၍ မဲခွဲဆုံးဖြတ်ခြင်းဖြင့် ဖယ်ရှားနိုင်သည့်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် ယခင်စနစ်နှင့် နှိုင်းယှဉ်ပါက ဤပြောင်းလဲမှုသည် အရေးကြီးသော အပြောင်းအလဲတစ်ခုဖြစ်သည်။

- *လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း* – လူသားလုံခြုံရေးဆိုင်ရာ အယူဝါဒကို ပဋိညာဉ်တွင် ပြဋ္ဌာန်းထားသည်။ စစ်တပ်အပါအဝင် လုံခြုံရေးတပ်ဖွဲ့

အားလုံးသည် တရားစီရင်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့၏ ကွပ်ကဲမှုအပါအဝင် အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုနှင့် ဒီမိုကရေစီနည်းကျ ကြီးကြပ်ကွပ်ကဲမှု အောက်တွင်ရှိရမည်ဟု ပဋိညာဉ်တွင် ဖော်ပြထားသည်။ ဤကတိကဝတ်သည် NLD ၏ နှစ်ရှည်လများတောင်းဆိုခဲ့သော တောင်းဆိုချက်တစ်ရပ်ဖြစ်ပြီး ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် အကွဲလွဲဆုံးအချက်များအနက် တစ်ခုဖြစ်သည်။ လုံခြုံရေးနှင့်ကာကွယ်ရေးကဏ္ဍတွင် အားလုံးပါဝင်နိုင်ရန် ပဋိညာဉ်တွင် ကတိကဝတ်ပြုထားသော်လည်း ဤဖော်ပြချက်သည် EAOs များကို လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ထည့်သွင်းပေါင်းစည်းမည်ဟု ဆိုလိုရင်းဟုတ်သည်၊ မဟုတ်သည်မှာ မရှင်းလင်းချေ။ ပဋိညာဉ်တွင် လုံခြုံရေးတပ်ဖွဲ့များကို ဗဟိုချုပ်ကိုင်မှုလျှော့ချရန် ဖော်ပြထားသော်လည်း EAO များ နှစ်ရှည်လများတောင်းဆိုထားသည့် ပြည်နယ်အဆင့်စစ်တပ်များဖွဲ့စည်းခြင်းကိုဆိုလိုရင်း ဟုတ်မဟုတ် ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။ ပြည်ထောင်စုရဲတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့များကို သီးခြားလွတ်လပ်စွာ ဖွဲ့စည်းမည်ဖြစ်သည်။

- *တရားစီရင်ရေးအဖွဲ့အစည်းများ* – ပဋိညာဉ်တွင် တရားစီရင်ရေးအာဏာများနှင့် စပ်လျဉ်း၍ ရှင်းလင်းစွာဖော်ပြထားခြင်းမရှိဘဲ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုအတွက် မရှိမဖြစ်အရေးပါသော တရားစီရင်ရေးအရပြန်လည်သုံးသပ်ခြင်း၊ စာချွန်တော် အသနားခံစာများလျှောက်ထားခြင်းနှင့် တရားရုံးတော်၌ ရုံးတင်စစ်ဆေးခြင်းအတွက် ရှင်းလင်းပြတ်သားသော ပြဋ္ဌာန်းချက်များ လုံးလုံးလျားလျား မပါရှိပေ။ ဖက်ဒရယ်ပြည်ထောင်စုနှင့်ပြည်နယ်များအကြားသို့မဟုတ်ပြည်နယ်များအချင်းချင်းအကြား အငြင်းပွားမှုများကို လွတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးဖြင့်ဖြေရှင်းမည်ဟု ဖော်ပြထားသော်လည်း ကြားကာလ သို့မဟုတ် အသွင်ကူးပြောင်းရေးကာလအတွက် မည်သည့်တရားရုံးကိုမျှ မတည်ထောင်ထားရသေးပေ။ (အခန်း ၄၊ အပိုင်း ၃၊ အပိုဒ် ၃ နှင့် ၉ တို့အရ) ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်တစ်ခုစီတွင် ကိုယ်ပိုင်တရားရုံးများ သီးခြားစီထားရှိစီရင်သော တရားရုံးပြိုင်စနစ်ကို ကျင့်သုံးမည့်အလားအလာ ပဋိညာဉ်တွင်တွေ့ရသည်။ ဤအချက်သည်လည်း တရားရုံးစနစ်တစ်ခုသာ ထားရှိစီရင်သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲသည်။

- *လူ့အခွင့်အရေးများ* – ပဋိညာဉ်တွင် စုပေါင်းအခွင့်အရေးနှင့် တစ်ဦးချင်းအခွင့်အရေး နှစ်မျိုးလုံးကို အသိအမှတ်ပြုပြီး လူအားလုံးခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ခွဲခြားသတ်မှတ်ထားပုံရသည်။ ဤသို့ခွဲခြားထားသော်လည်း မည်သည့်အမျိုးအစားတွင် မည့်သည့်အခွင့်အရေးများရှိသည်ကိုမူ အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။ အလားတူစွာ တိုင်းရင်းသား လူမျိုးစုဝင်နိုင်ငံသားများသည် တစ်ဦးချင်းနှင့် စုပေါင်းအခွင့်အရေးများ၊ အခြား နိုင်ငံသားအခွင့်အရေးများ၊ တစ်ဦးချင်းအခွင့်အရေးများနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို ခံစားရမည်ဟုဖော်ပြထားသော်လည်း 'တစ်ဦးချင်းအခွင့်အရေးများ'၊ 'စုပေါင်းအခွင့်အရေးများ'၊ 'အခြေခံအခွင့်အရေးများ' နှင့် 'ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'ဆိုသည့် ခေါင်းစဉ်အောက်တွင် မည်သည်များပါရှိသည်ကို အသေးစိတ်ဖော်ပြ

**စစ်တပ်အပါအဝင် လုံခြုံရေးတပ်ဖွဲ့အားလုံးသည် တရားစီရင်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့၏ ကွပ်ကဲမှုအပါအဝင် အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုနှင့် ဒီမိုကရေစီနည်းကျ ကြီးကြပ်ကွပ်ကဲမှု အောက်တွင်ရှိရမည်ဟု ပဋိညာဉ်တွင် ဖော်ပြထားသည်။**

**ပဋိညာဉ်တွင် စုပေါင်းအခွင့်အရေးနှင့် တစ်ဦးချင်းအခွင့်အရေး နှစ်မျိုးလုံးကို အသိအမှတ်ပြုပြီး လူအားလုံးခံစားခွင့်ရှိသည့် အခြေခံအခွင့်အရေးများနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို ခွဲခြားသတ်မှတ်ထားပုံရသည်။ ဤသို့ခွဲခြားထားသော်လည်း မည်သည့် အမျိုးအစားတွင် မည့်သည့်အခွင့်အရေး များရှိသည်ကိုမူ အသေးစိတ် ဖော်ပြထားခြင်းမရှိပေ။**

ထားခြင်း မရှိပါ။ တိတိပပဖော်ပြထားသော တိုင်းရင်းသားအခွင့်အရေးအချို့ရှိပြီး လူနည်းစုများအတွင်းမှ လူနည်းစုများကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ရန်အတွက် ယေဘုယျအခြေခံမူများလည်း ပါဝင်သည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ဖော်ပြထားသည့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာအချက်များမှာ ကျယ်ပြန့်မှုရှိပြီး လူမျိုးရေး၊ ကိုးကွယ်ယုံကြည်မှု၊ ကျား/မ၊ မသန်စွမ်းမှု၊ လိင်စိတ်တိမ်းညွတ်မှုနှင့် အခြားသော ခွဲခြားဆက်ဆံမှုပုံစံများကိုပါ ထည့်သွင်းစဉ်းစားထားသည်။ “တိုင်းရင်းသားများသည် လူမှုစီးပွား၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ သာတူညီမျှစွာ ခံစားခွင့်ရရှိရမည်ဖြစ်ပြီး တိုးတက်မြှင့်တင်ပေးသည့် ဆောင်ရွက်ချက်များ (Progressive actions/Affirmative Actions) များကိုလည်း ခံစားခွင့်ရရှိစေရမည်” ဟု ပဋိညာဉ်၏ အစိတ်အပိုင်း(၁) တွင် အတိအလင်းဖော်ပြထားသော်လည်း မည်သို့မည်ပုံ လုပ်ဆောင်မည်ဆိုသည့်အပေါ် ရှင်းရှင်းလင်းလင်း မသိရပေ (အခန်း ၄၊ အပိုင်း (၃)၊ ပုဒ်မ ၄၆)။ အခြေခံအခွင့်အရေးများ၊ နိုင်ငံသားအခွင့်အရေးများ၊ လူတစ်ဦးချင်းအခွင့်အရေးနှင့် တိုင်းရင်းသားစုပေါင်းအခွင့်အရေးများအပြင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ သတင်းလွတ်လပ်ခွင့်၊ သတင်းအချက်အလက်ရယူခွင့်နှင့် ဖြန့်ဝေခွင့်၊ ကလေးသူငယ်အခွင့်အရေးများ၊ အလုပ်သမားအခွင့်အရေးများ လယ်သမားအခွင့်အရေးများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအပါအဝင် အခြားသော အခွင့်အရေးများကိုလည်း ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ဖော်ပြအာမခံထားပါသည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ဤပိုမိုပြည့်စုံသော အခွင့်အရေးများ ပေါင်းစုပါရှိခြင်းသည် သိသာထင်ရှားသော တိုးတက်မှုတစ်ခုပင်ဖြစ်သည်။ သို့သော် ပဋိညာဉ်တွင်ဖော်ပြထားသည့် ဘာသာစကားအခွင့်အရေးများသည် ယေဘုယျဆန်နေဆဲဖြစ်ပြီး အဓိပ္ပါယ်ဖွင့်ဆိုရန် ကန့်သတ်ချက်များ ရှိနေသေးသည်။ လူ့အခွင့်အရေးကဏ္ဍတွင်မူ နိုင်ငံသားဖြစ်ခွင့်နှင့် တိုင်းရင်းသားတို့၏ အမျိုးသားလက္ခဏာနှင့် စပ်လျဉ်းသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအပါအဝင် သမိုင်းတလျှောက်ရှိခဲ့သော မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံများ၏ အယူအဆများကို ဆက်လက်သယ်ယူလာကြောင်း တွေ့ရှိရသည်။ ထိုအစီအမံများကြောင့် အတိတ်တွင် ပြဿနာများပေါ်ပေါက်ခဲ့သည့်အတွက် ထပ်ဆောင်းပြန်လည်ပြင်ဆင်မှု လိုအပ်နိုင်သည်။

- *လွတ်လပ်သောကော်မရှင်များ* – မူလပဋိညာဉ်တွင် လွတ်လပ်သော ကော်မရှင်အသစ်များတည်ထောင်ရန် မျှော်မှန်းထားသည့်အတိုင်း ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် လွတ်လပ်သော ကော်မရှင်အရေအတွက်သည် သုံးဆတိုးလာသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ရွေးကောက်ပွဲ၊ လူ့အခွင့်အရေးနှင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး၊ သတင်းရယူခွင့်၊ ဂျန်ဒါအခြေပြုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ မူလကော်မရှင် ငါးခုအပြင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကော်မရှင်၊ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်၊ လူနည်းစုအခွင့်အရေး ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးကော်မရှင်၊ အမျိုးသမီးအခွင့်အရေးကော်မရှင်၊ ကလေးသူငယ်အခွင့်အရေးကော်မရှင်၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး

ကော်မရှင်၊ အလုပ်သမားနှင့် လယ်သမားအခွင့်အရေးကော်မရှင်တို့ကို ဖွဲ့စည်းမည်ဖြစ်သည်။ သတိပြုရမည်မှာ အရေးကြီးသည့် လွတ်လပ်သော စောင့်ကြည့်ထိန်းကျောင်းသည့်အဖွဲ့အဖြစ် ယူဆနိုင်သည့် စာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းဆောင်တာများ၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက်များ ပဋိညာဉ်တွင် ဖော်ပြမထားပါ။

- *ဘာသာရေးနှင့်မရောယှက်သည့်နိုင်ငံရေးစနစ်* – ပဋိညာဉ်တွင် နိုင်ငံရေးနှင့် ဘာသာရေးကို ခွဲခြားထားရှိရန် ကတိကဝတ်ပြုထားပါသည် (ဆိုလိုသည်မှာ လူအများစုကိုးကွယ်သော ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ အဖြစ်သတ်မှတ်ခြင်း သို့မဟုတ် အခွင့်ထူးခံ အဆင့်အတန်းပေးခြင်းများ မဆောင်ရွက်နိုင်ပါ)။ ဤကတိကဝတ်သည် 'ဗုဒ္ဓဘာသာသည် ပြည်ထောင်စု၏ နိုင်ငံသားအများစု ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်' (အပိုဒ် ၃၆၁) ဟု အသိအမှတ်ပြုထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကွဲပြားပြီး အဆိုပါအပိုဒ်သည် ခွဲခြားဆက်ဆံခြင်းဖြစ်သည်ဟု အချို့တိုင်းရင်းသားအဖွဲ့များက ဝေဖန်ခဲ့ကြသည်။

ခြုံငုံကြည့်ပါက အခန်း ၄ တွင် အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီဇိုင်းရွေးချယ်မှုတွင် လိုက်နာရမည့် လမ်းညွှန်အခြေခံမူများကို သတ်မှတ်ဖော်ပြထားသည်။ ဒီမိုကရေစီလိုလားသူများနှင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့များအားလုံးမှ ပဋိညာဉ်အားလက်ခံသဘောတူညီစေရန် အချို့အခြေခံမူများကို ထည့်သွင်းထားခြင်းဖြစ်နိုင်ပြီး အခြေခံမူများသည် ယေဘုယျအားဖြင့် EAOs များ နှစ်ရှည်လများတောင်းဆိုခဲ့သည့် အဓိကတောင်းဆိုချက်များကို သိသိသာသာလိုက်လျောထားခြင်းမှာ ပေါ်လွင်သည်။

သို့ရာတွင် ဤအခြေခံမူများကို လက်ရှိဖော်ပြထားသည်ထက် များစွာအကျယ်တဝင့် ရှင်းလင်းဖော်ပြရန် လိုအပ်မည်ဖြစ်ကြောင်း သတိချပ်ရန်အရေးကြီးပြီး ဤသို့ရှင်းလင်းဖော်ပြရာတွင် အငြင်းပွားဖွယ်များ ကြုံတွေ့ရနိုင်သည်။ ဥပမာအားဖြင့် ပဋိညာဉ်တွင်ဖော်ပြထားသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကာအကွယ်ပေးခြင်းသည် ကိုလိုနီခေတ်ပြီးဆုံးစဉ်ကတည်းကပင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးခရီးရှည်တစ်လျှောက် ထိရှလွယ်သော အရေးပြဿနာတစ်ရပ် ဖြစ်ခဲ့သည်။ ပဋိညာဉ်တွင် 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'ကို ကတိပြုထားသော်လည်း လက်တွေ့တွင် မည်သို့မည်ပုံဖြစ်မည်ကို ဖော်ပြထားခြင်းမရှိပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသည်မှာ အမျိုးအမျိုးအဖုံဖုံ နားလည်သဘောပေါက်၍ အဓိပ္ပါယ်ဖွင့်ဆိုနိုင်သော အခွင့်အရေးတစ်ရပ်ဖြစ်ပြီး (အဆုံးစွန်ဆုံးဖြစ်သည့်) ပြည်ထောင်စုမှ ခွဲထွက်ပိုင်ခွင့်သည်လည်း ယင်းစကားရပ်တွင် အပါအဝင်ဖြစ်သည် (Cats-Bari 2018)။ ရှမ်း၊ ကချင်နှင့် ကရင်နီ (ကယား) ပြည်နယ်များအား ထိုခွဲထွက်ခွင့် အတိအလင်းပေးအပ်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုးကား၍ ဤနှစ်များတလျှောက်တွင် တိုင်းရင်းသားအဖွဲ့အစည်းများစွာက ၎င်းစကားရပ်ကို ထိုကဲ့သို့နားလည်ကိုင်စွဲခဲ့ကြသည်။ သတိပြုရမည်မှာ မှတ်ချက်ပေးသူအချို့၏အဆိုအရ ရှမ်းပြည်တွင်းရှိ ပအိုဝ့် သို့မဟုတ် ဝ ကဲ့သို့သော လူနည်းစုများမှ ခွဲထွက်ရေးတောင်းဆိုမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင်း၊ 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား အပြည့်အဝအာမခံချက်' ၏ တိကျရှင်းလင်းမှုမရှိခြင်း အပေါ် စိုးရိမ်ပူပန်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု သိရသည်။ မူလပဋိညာဉ်ရှိ 'အပြည့်အဝ' ဆိုသည့်စာသားအား 'ပြည့်ဝသော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ဟု ပြင်ဆင်တည်းဖြတ်ထားသည့် ပဋိညာဉ်၏ အင်္ဂလိပ်ဘာသာ

ပြန်မှုတွင် ဖော်ပြထားသည်။ (ပဋိညာဉ်၏ မြန်မာဘာသာမူတွင် မပြင်ဆင်မီနှင့် ပြင်ဆင်တည်းဖြတ်ပြီးမူနှစ်မျိုးစလုံး၌အပြောင်းအလဲမရှိပါ)။သို့သော်ထိုသို့ပြောင်းလဲလိုက်သော်လည်း အထက်တွင်နားလည်သကဲ့သို့ အဓိပ္ပါယ်ပေါ်နေသေးပြီး အဆိုပါ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် နောက်ဆုံးတွင် NLD နှင့် အခြားအဖွဲ့များအကြား သဘောထားကွဲလွဲမှုများ ဖြစ်လာနိုင်သည်။ မူလ (ပြင်ဆင်တည်းဖြတ်ခြင်း မပြုရသေးသည့်) ပဋိညာဉ် အစိတ်အပိုင်း ၁ ၏ နိဂုံးတွင် ပဋိညာဉ်အား သဘောတူလက်ခံခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုများသည် ၎င်းတို့၏ ခွဲထွက်ပိုင်ခွင့်ကို အပြည့်အဝစွန့်လွှတ်ပြီးဖြစ်သည်ဟု သွယ်ဝိုက်ဖော်ပြထားသောကြောင့် အထက်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်စပ်လျဉ်း၍ ပြဿနာများပေါ်ပေါက်လာနိုင်ပါသည်။ ထိုအချက်သည် 'ပြည်ထောင်စုကိုတည်ထောင်မည့် တိုင်းရင်းသားခေါင်းဆောင်များသည် မိမိတို့၏ သီးခြားပြည်ထောင်များ တည်ထောင်ခွင့်ကိုစွန့်လွှတ်၍ ပြည်ထောင်များစုစည်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရန် ၁၉၄၇ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးသည်' ဟု ဖော်ပြထားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်၊ ချင်းနှင့် ရှမ်းကိုယ်စားလှယ်များက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်အပေါ် အခြေခံထားခြင်းဖြစ်သည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်အစိတ်အပိုင်း ၁ ၏ နိဂုံးတွင် အထက်ပါ အငြင်းပွားဖွယ်ရာစကားရပ်အား "သူတို့ [တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ]သည် ပြည်ထောင်များစုစည်းထားသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ကြိုးပမ်းခဲ့သည်" ဟု ပြောင်းလဲသည်မှာ သတိပြုဖွယ်ရာဖြစ်သည်။

## အစိတ်အပိုင်း ၂ – ကြားကာလစီမံအုပ်ချုပ်ရေး အစီအမံများ။

ပဋိညာဉ်၏ အစိတ်အပိုင်း ၂ တွင် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မပြဋ္ဌာန်းမီအထိ မြန်မာနိုင်ငံကို စီမံအုပ်ချုပ်ရန်အတွက် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်၏ အင်္ဂါရပ်များကို ပြဋ္ဌာန်းထားသည်။ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေပြီးနောက် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု အခြေခံဥပဒေပြဋ္ဌာန်းပြီးသည်အထိ ပဋိညာဉ်သည် ယာယီစာချုပ်စာတမ်းသာဖြစ်သည်ဟု အစိတ်အပိုင်း ၂ တွင် ရှင်းလင်းစွာဖော်ပြထားသည် (အခန်း ၁၁၊ အပိုဒ် ဖ၀)။ အစိတ်အပိုင်း ၂ တွင် ပြည်ထောင်စုအဆင့် လွှတ်လပ်သောအဖွဲ့အစည်းများ သို့မဟုတ် ပြည်နယ်အစိုးရများ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များ၏ အဓိကလုပ်ငန်းဆောင်တာများကို ဖော်ပြထားသည်။ မူလပဋိညာဉ်၏ အစိတ်အပိုင်း ၂ သည် တရားစီရင်ရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဖော်ပြခြင်းမရှိသော်လည်း ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်အချို့ပါရှိသည်။ အစိတ်အပိုင်း ၂ တွင် တရားဥပဒေဆက်လက်တည်ရှိမှုအပေါ် ရှင်းလင်းထားခြင်းမရှိပေ။ ပဋိညာဉ်၏ အဓိကအခြေခံမူအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကိုဖော်ဆောင်ရန် အတိအလင်း ကတိကဝတ်ပြုဖော်ပြထားသော်လည်း ဥပဒေအရရှင်းလင်းရေရာမှုမရှိခြင်းသည် ဤကတိကဝတ်နှင့် အတိုင်းအတာတစ်ခုအထိ ဆန့်ကျင်နေသည်။

ပဋိညာဉ်တွင်ဖော်ပြထားသည့် ကြားကာလစီမံအုပ်ချုပ်ရေးစနစ်တွင် အောက်ပါအဖွဲ့အစည်းများပါဝင်သည်။

- *အာဏာတူညီသည့် လွှတ်တော်နှစ်ရပ်ပါရှိသော လွှတ်တော်စနစ်ဖြစ်သည့် ဖက်ဒရယ်*

*ပြည်ထောင်စုလွှတ်တော် (ပြည်ထောင်စုလွှတ်တော်)* ဟု ခေါ်တွင်မည့် 'ကြားကာလ ဥပဒေပြုလွှတ်တော်' ပါဝင်သည်။ လွှတ်တော်နှစ်ရပ်စလုံးတွင် မြန်မာစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော ၂၀၂၀ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော် ကိုယ်စားလှယ်များပါဝင်ပြီး စစ်တပ်မှခန့်အပ်ထားသော လွှတ်တော် ကိုယ်စားလှယ်များကို ဖယ်ထုတ်ထားသည်။ သို့သော် လက်တွေ့တွင်မူ ထိုလွှတ်တော် ကိုယ်စားလှယ်များသည် တစ်ခုတည်းအဖြစ် ပေါင်းစည်းထားသည့် ပြည်ထောင်စု လွှတ်တော်တွင်သာ ဆွေးနွေးမှုများလုပ်ဆောင်ကြသည်။ ထို့အပြင် CRPH သည် ထို လွှတ်တော်နှစ်ရပ်ပူးပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်ကို ကိုယ်စားပြု လျက်ရှိပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးမှ ရွေးကောက် တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည်။ ကြားကာလဥပဒေ ပြုလွှတ်တော်တွင် အစိုးရမဟုတ်သော လူ့ပ်ရှားပါဝင်သူများ (ဥပမာ EAOs/EROs၊ CDM၊ သပိတ်ကော်မတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း) များ ထည့်သွင်းရန် တရားဝင်ပြဋ္ဌာန်းထားခြင်းမရှိဘဲ ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာခြင်း ဖြင့် အဖွဲ့အစည်း၏ ဒီမိုကရေစီတရားဝင်မှုကို ဆက်လက်ထိန်းသိမ်းလိုသည့်ဆန္ဒ ကြောင့် ဖြစ်နိုင်သည်။ (ကိုယ်စားလှယ်အများစုမှာ အကျဉ်းကျခံနေရခြင်း သို့မဟုတ် ပုန်းအောင်းနေရခြင်းကြောင့်) ပြည်ထောင်စုလွှတ်တော်ခေါ်ယူရန် အခက်အခဲရှိသည့် အတွက် CRPH အား (NUCC နှင့် သဘောတူညီမှုရယူလျက်) ပြည်ထောင်စု လွှတ်တော်ကိုယ်စား ဆက်လက်ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့် ဥပဒေများ ပြဋ္ဌာန်းရန်၊ ဥပဒေပြုရေးလုပ်ငန်းစဉ်အားထိန်းညှိရန်၊ အထောက်အကူပြု ကော်မတီ များ ဖွဲ့စည်းရန်၊ သမ္မတ၊ ဒုသမ္မတနှင့် အစိုးရအဖွဲ့များခန့်ထားရန် အခန်း ၅ တွင် အခွင့်အာဏာအပ်နှင်းထားသည်။ သို့သော်လည်း CRPH သည် ပဋိညာဉ်တွင်ဖော်ပြ ထားသည့် ကြားကာလအုပ်ချုပ်ရေး အစီအမံများ၏ပြင်ပတွင် ကျရောက်နေဆဲဖြစ် သည်။ ပဋိညာဉ်တွင် CRPH ၏ အဖွဲ့ဝင်ဦးရေသတ်မှတ်ချက်၊ အဖွဲ့ဝင်ဖြစ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို မသတ်မှတ်ထားပေ။ ယေဘုယျ အားဖြင့်ဆိုရသော် CRPH မည်ကဲ့သို့လုပ်ငန်းဆောင်ရွက်ခဲ့သည် သို့မဟုတ် မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို ပြည်သူလူထုအနေဖြင့် အနည်းငယ်သာသိရှိပြီး CRPH ကို မည်သည့်အဖွဲ့အစည်းများ သို့မဟုတ် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်း ချက်များ ကန့်သတ် သို့မဟုတ် ထိန်းကွပ်ထားသည်ဆိုသည်မှာလည်း မရှင်းလင်းပေ။ မူလပဋိညာဉ်တွင် NUG သည် CRPH ထံ တာဝန်ခံမှုရှိသည်ဟု ညွှန်းဆိုထားပြီး CRPH သည် NUG အစိုးရအဖွဲ့ဝင်ခန့်အပ်မှုများအပေါ် အပြီးသတ်ဆုံးဖြတ်ပေးနိုင် သည့် အခွင့်အာဏာရှိသည်။ ပဋိညာဉ်ကို အကောင်အထည်ဖော်ရာတွင် CRPH နှင့် ပိုမိုပါဝင်မှုရှိသော NUCC (CRPH သည် NUCC ၏ အဖွဲ့ဝင်ဖြစ်သည်) အကြား ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ပြဋ္ဌာန်းထား သည်။ သတိပြုရမည်မှာ အခန်း ၈ တွင် ပြည်နယ်များ/ဖက်ဒရယ်ယူနစ်များအတွက် ဥပဒေပြုရေးယန္တရားများကို မူအားဖြင့်ဖော်ပြထားသော်လည်း ၎င်းတို့၏ လုပ်ပိုင်ခွင့် များ၊ ပါဝင်မည့်ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံ၊ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။

ပဋိညာဉ်တွင် အာဏာတူညီသည့် လွှတ်တော်နှစ်ရပ်ပါရှိသော လွှတ်တော်စနစ်ဖြစ်သည့် ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော် (ပြည်ထောင်စုလွှတ်တော်) ဟု ခေါ်တွင်မည့် 'ကြားကာလ ဥပဒေပြုလွှတ်တော်' ပါဝင်သည်။ လွှတ်တော်နှစ်ရပ်စလုံးတွင် မြန်မာစစ်တပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော ၂၀၂၀ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး စစ်တပ်မှခန့်အပ်ထားသော လွှတ်တော်ကိုယ်စားလှယ်များကို ဖယ်ထုတ်ထားသည်။ သို့သော် လက်တွေ့တွင်မူ ထိုလွှတ်တော်ကိုယ်စားလှယ်များသည် တစ်ခုတည်းအဖြစ် ပေါင်းစည်းထားသည့် ပြည်ထောင်စုလွှတ်တော်တွင်သာ ဆွေးနွေးမှုများ လုပ်ဆောင်ကြသည်။

**ဇယားကွက် ၁ – အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဖွဲ့စည်းပုံ**

၂၀၂၂ ခုနှစ် မေလအထိ သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ လက်ရှိတာဝန်ထမ်းဆောင်နိုင်ခြင်းမရှိဘဲ ယာယီသမ္မတ ဒူဝါလရှီးလ၊ ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းတို့ ဦးဆောင်သည့် NUG အစိုးရအဖွဲ့တွင် ဝန်ကြီး ၃၃ ဦးနှင့် ဝန်ကြီးဌာန ၁၈ ခုရှိသည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီး ၃၃ ဦးအနက် ၂၄ ဦး (၇၃% ခန့်) သည် NLD ပါတီဝင်များ မဟုတ်ကြပါ။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဝန်ကြီး ၉ ဦး (၂၇% ခန့်) သည် အမျိုးသမီးများဖြစ်သည်။ ယနေ့အထိ NCA လက်မှတ်ရေးထိုးထားသော EAO များနှင့် အခြားသူများက NUG ကို ဖွဲ့စည်းရာတွင် ၎င်းတို့နှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းအတည်ပြုထားပြီး အဓိက တိုင်းရင်းသားအဖွဲ့ နှစ်ဖွဲ့မှမပါဝင်ရန် ဆုံးဖြတ်ထားသည်။ NUG အဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ အသေးစိတ် သိရှိရန် နောက်ဆက်တွဲ ၁ ကို ကြည့်ပါ။

**ကြားကာလတွင် ပြည်ထောင်စုအဆင့် စီမံအုပ်ချုပ်ရေးမဏ္ဍိုင်အဖြစ် တာဝန်ထမ်းဆောင်ရန် ကြားကာလ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ပါဝင်သည်။ CRPH သည် NUCC ၏ ခွင့်ပြုချက်ဖြင့် NUG အစိုးရအဖွဲ့ဝင်များကို ခန့်ထားရန်အခွင့်အာဏာရှိသည်။**

- ကြားကာလတွင် ပြည်ထောင်စုအဆင့် စီမံအုပ်ချုပ်ရေးမဏ္ဍိုင်အဖြစ် တာဝန်ထမ်းဆောင်ရန် ကြားကာလ *အမျိုးသားညီညွတ်ရေး အစိုးရ (NUG)* ပါဝင်သည်။ CRPH သည် NUCC ၏ခွင့်ပြုချက်ဖြင့် NUG အစိုးရအဖွဲ့ဝင်များကိုခန့်ထားရန် အခွင့်အာဏာရှိသည်။[၂] ပဋိညာဉ်အရ NUG တွင် သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် (ယခုအချိန်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်လာမည်ဟု အတိအလင်း ဖော်ပြထားခြင်းမရှိသေးသော ရာထူး)၊ ဒုတိယသမ္မတနှစ်ဦး၊ ဝန်ကြီးချုပ်တစ်ဦးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်တို့ ပါဝင်သည်။ သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံ့ဦးသျှောင်များဖြစ်ပြီး ဝန်ကြီးချုပ်သည် NUG ၏ အကြီးအကဲဖြစ်သည်။ NUG သည် NUCC နှင့် ပြည်သူ့ညီလာခံထံ တာဝန်ခံမှုရှိသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အာဏာသိမ်းပြီးနောက်ပိုင်း အထိမ်းသိမ်းခံနေရသောကြောင့် NUG တွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှု ရှိမရှိ မသိရသော်လည်း သူမအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် CRPH မှ ၎င်း၏ ပထမဆုံး ဥပဒေပြုဆုံးဖြတ်ချက်များထဲမှ တစ်ခုတွင်ကြေညာခဲ့သည်။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ သက်တမ်းသည် ကြားကာလ အဆုံးဖြစ်သည့် NUG ၏ သက်တမ်းနှင့်အတူတူဖြစ်သည်ဟု ဖော်ပြထားပြီး ထို့နောက်တွင် အသေးစိတ်မရေးဆွဲရသေးသော အသွင်ကူးပြောင်းရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သည့် အသွင်ကူးပြောင်းရေးကာလ ရောက်ရှိလာမည်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပဋိညာဉ်နှင့်အညီ NUG အား အကြံပေးရန် တာဝန်ရှိသော်လည်း အထိန်းသိမ်းခံရနေချိန်တွင် ဤလုပ်ငန်းဆောင်တာအား ထိထိရောက်ရောက် ကျင့်သုံးနိုင်ခြင်းမရှိပါ။[၃] ထို့ကြောင့် NUG ၌ သူမအား ခန့်ထားမှုသည်တရားဝင်မှုနှင့်ပြယုဂ်အရ နားလည်နိုင်သော်လည်း လက်တွေ့ကျမှု ရှိမရှိ မေးခွန်းထုတ်စရာဖြစ်စေသည်။ NUG ၏ ဖွဲ့စည်းပုံတွင် ဒုသမ္မတနှစ်ဦးခန့်အပ်

၂ ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသည့် FDC အစိတ်အပိုင်း ၂၊ အခန်း ၆၊ ပုဒ်မ ၃၅

၃ ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသည့် FDC အပိုင်း ၂၊ အခန်း ၆၊ ပုဒ်မ ၄၁

ခြင်းအား ဆက်လက်ဆောင်ယူလာခြင်း အပါအဝင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အငွေ့အသက်များ တွေ့မြင်နိုင်သည်။ NUG သည် အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်ပြီး မြန်မာ့နွေဦးတော်လှန်ရေး၏ မျက်နှာစာအဖြစ် ထမ်းဆောင်လျက်ရှိသည်။

- *အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)* သည် ကြားကာလအဖွဲ့အစည်းများထဲမှ အဆင့်အမြင့်ဆုံးသော ကြားကာလနိုင်ငံရေးအဖွဲ့အစည်းအဖြစ် ပေါ်ထွက်လာခဲ့ပြီး ခြောက်လတစ်ကြိမ်ကျင်းပသည့် ပြည်သူ့ညီလာခံထံသို့ တာဝန်ခံရသည်။ ၎င်း၏ အဓိကအခန်းကဏ္ဍမှာ "မူဝါဒလမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် ဖော်ပြထားသည့် မဟာဗျူဟာများ အကောင်အထည်ဖော်ရာတွင် ညှိနှိုင်းဆောင်ရွက်မှုများ ပံ့ပိုးပေးရန်ဖြစ်သည်"။[၄] NUCC သည် ၂၀၂၀ ခုနှစ် မတ်လမှ စတင်၍ လက်ရှိနှင့် နောင်လာလတ္တံ့သော နိုင်ငံရေးလှုပ်ရှားသူများအကြား စေ့စပ်ညှိနှိုင်းမှုများပြုလုပ်သည့် ဆွေးနွေးမှုရပ်ဝန်းတစ်ခုဖြစ်သည်။ NUCC သည် စစ်အာဏာရှင်ကိုဆန့်ကျင်ပြီး ပဋိညာဉ်၏ ဦးတည်ချက်များနှင့် လမ်းပြမြေပုံအပေါ် သဘောတူသည့် နိုင်ငံရေးအင်အားစုများပါဝင်သည့် အဖွဲ့အစည်းဖြစ်ပြီး ပါဝင်သည့် အဖွဲ့အစည်းများမှာ "က) CRPH အပါအဝင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ ခ) နိုင်ငံရေးပါတီများ၊ ဂ) သမဂ္ဂများ၊ အမျိုးသမီးအဖွဲ့များ၊ လူငယ်နှင့် လူနည်းစုအရေးဆောင်ရွက်နေသည့် အဖွဲ့များအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရဝန်ထမ်းများအပါအဝင် စစ်အာဏာရှင်စနစ်ကို တိုက်ထုတ်နေသော အာဏာဖီဆန်လှုပ်ရှားမှုအဖွဲ့များနှင့် သပိတ်အဖွဲ့များ၊ ဃ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် င) ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် ကိုယ်စားပြုအဖွဲ့များ/ကော်မတီများဖြစ်သည်။"[၅] ပဋိညာဉ်တွင် NUCC ၏ အဖွဲ့ဝင်အဖွဲ့အစည်းအရေအတွက်ကို ဖော်ပြမထားသော်လည်း ၎င်း၏ကိုယ်စားလှယ်များ၏ အဆိုအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် အစုအဖွဲ့ဝင်အဖွဲ့အစည်း ၃၃ ဖွဲ့ ရှိကြောင်းသိရသည်။ ပြည်သူ့ညီလာခံအပြင် NUCC သည် CDM၊ သပိတ်ကော်မတီများနှင့် အခြားပေါ်ထွန်းလာသည့် ဒီမိုကရေစီအင်အားစုများကို ပါဂင်ထည့်သွင်းရန် တိတိကျကျ ကတိကဝတ်ပြုထားသည့် တစ်ခုတည်းသောအဖွဲ့ဖြစ်သည်။ မူလပဋိညာဉ်တွင် ၎င်းအတွက် တိကျပြတ်သားသောအာဏာများ မဖော်ပြထားသော်လည်း ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်၏ အစိတ်အပိုင်း ၂ တွင် ၎င်းအတွက် သီးသန့်အခန်းတစ်ခန်း ပါရှိသည်။ NUCC အား ဒီမိုကရေစီလိုလားသော လှုပ်ရှားဆောင်ရွက်သူများအတွက် "စည်းရုံး၊ ဆွေးနွေး၊ ညှိနှိုင်း" ရန် ဖိုရမ်တစ်ခုပံ့ပိုးပေးသည့် အကြံပေးအဖွဲ့တစ်ခုအဖြစ်သာ မူလပဋိညာဉ်တွင် ရည်မှန်းထားသော်လည်း ပြင်ဆင်တည်းဖြတ်ထားသောပဋိညာဉ်တွင် NUCC အား ဦးဆောင်မှုအခန်းကဏ္ဍ ပေးအပ်ထားသည်။ NUCC သည် ပဋိညာဉ်အား အကောင်အထည်ဖော်ရန်အတွက် မူဝါဒလမ်းညွှန်မှုပေးခြင်းနှင့် မဟာဗျူဟာများဖော်ဆောင်ခြင်းလုပ်ဆောင်ပြီး ပဋိညာဉ်တွင်ဖော်ပြထားသည့် ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရမည်ဟု ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ဖော်ပြထား

> အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) သည် ကြားကာလအဖွဲ့အစည်းများထဲမှ အဆင့်အမြင့်ဆုံးသော ကြားကာလနိုင်ငံရေးအဖွဲ့အစည်းအဖြစ် ပေါ်ထွက်လာခဲ့သည်။ ၎င်း၏ အဓိကအခန်းကဏ္ဍမှာ မူဝါဒလမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် ဖော်ပြထားသည့် မဟာဗျူဟာများ အကောင်အထည်ဖော်ရာတွင် ညှိနှိုင်းဆောင်ရွက်မှုများ ပံ့ပိုးပေးရန်ဖြစ်သည်။

၄ ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသည့် FDC အပိုင်း ၂၊ အခန်း ၆၊ ပုဒ်မ ၁၇ (င)

၅ ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသည့် FDC အပိုင်း ၂၊ အခန်း ၆၊ ပုဒ်မ ၁၅

သည် (အစိတ်အပိုင်း ၂၊ အခန်း ၃၊ အပိုဒ် ၁၇)။ NUCC ၏ ခွင့်ပြုချက်ရမှသာ CRPH က ဥပဒေများပြဋ္ဌာန်းနိုင်ပြီး ခန့်အပ်မှုများ လုပ်ဆောင်နိုင်သောကြောင့် ပြင်ဆင်တည်း ဖြတ်ထားသော ပဋိညာဉ်တွင် NUCC အား ဆုံးဖြတ်ပိုင်ခွင့် အခန်းကဏ္ဍလည်း ပေးအပ်ထားသည် (အစိတ်အပိုင်း ၂၊ အခန်း ၅၊ အပိုဒ် ၃၁ နှင့် အခန်း ၆၊ အပိုဒ် ၃၅)။ ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ပြဋ္ဌာန်းချက်အသစ်များ ထည့်သွင်းထား သော်လည်း NUCC ၏ လုပ်ပိုင်ခွင့်များမှာ ရှင်းလင်းမှုမရှိဘဲ ဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့် ဤအသွင်ကူးပြောင်းရေးကာလတွင် သပိတ်ကော်မတီများနှင့် ပေါ်ထွန်း လာသည့် ဒီမိုကရေစီအင်အားစုများ၏ အခန်းကဏ္ဍသည် အနှစ်သာရမပါရှိဘဲ ဟန်ပြ သက်သက်သာမဟုတ်ကြောင်းသေချာစေရန် မည်သို့လုပ်ဆောင်ရမည်ကို စဉ်းစားရန် အရေးကြီးပါသည်။ NUCC သည် ၂၀၂၁ ခုနှစ်တွင် အားလုံးပါဝင်သော ညှိနှိုင်းရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နေသော်လည်း CRPH သည် NUCC ၏ နောက်ကွယ်မှ ထို လုပ်ငန်းစဉ်များ၏ ဦးဆောင်ပါဝင်သူအဖြစ် အများက လက်ခံယုံကြည်ထားကြသည်။ NUCC တွင်ပါဝင်သည့် အချို့သောသက်ဆိုင်သူများက NUCC သည် NUG ၏ အာဏာ ရင်းမြစ်ဖြစ်သည်ဟု ရှုမြင်ပြီး အချိန်ကြာလာသည်နှင့်အမျှ CRPH လက်ရှိတာဝန်ယူ ထားသည့် အခန်းကဏ္ဍတွင်အစားထိုးကာ ကိုယ်စားပြုအဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲလာသင့်ကြောင်း အကြံပြုကြသည်။ NUCC ၏ ဖွဲ့စည်းပါဝင်သူများနှင့် ကြားကာလအုပ်ချုပ်မှုစနစ်အတွင်း ၎င်း၏အခန်းကဏ္ဍသည် ကြားကာလအုပ်ချုပ် ရေးစနစ်၏ စည်းလုံးညီညွတ်မှုနှင့် အားလုံးပါဝင်မှုကိုအကဲဖြတ်ရန် သင့်လျော်သည့် စံနှုန်းများဖြစ်ကြောင်းလည်း ပဋိညာဉ်တွင်ဖော်ပြထားသည်။ NUCC ၏ အခန်းကဏ္ဍ နှင့် အခွင့်အာဏာအပေါ် ကွဲပြားသောအမြင်များရှိနေခြင်းသည် အဖွဲ့အသီးသီးအကြား သဘောတူညီမှုရရှိရန် ဆောင်ရွက်လျှောက်လမ်းနေကြဆဲဖြစ်ပြီး အနာဂတ်တွင် ကြားကာလအဖွဲ့အစည်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြန်လည်ပြင်ဆင် ရနိုင်သည်ဟူသောအချက်ကို ထောက်ပြနေသည်။ သို့သော် ပြင်ဆင်တည်း ဖြတ်ထား သော ပဋိညာဉ်တွင် NUCC ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားသော်လည်း ထိုဦးဆောင်မှုကို အဖွဲ့အစည်းတစ်ခုအနေဖြင့် ဆောင်ရွက်ရန် NUCC တွင် စွမ်းရည်ပြည့်ပြည့်ဝဝမရှိသေးပါ။

- ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် NUCC ကိုယ်စားလှယ်များ၊ NUG ကိုယ်စားလှယ်များပါဝင်သော *ပေါင်းစပ်ညှိနှိုင်းရေးကော်မတီများ* ဖွဲ့စည်းထားမှုကို ဖော်ပြထားသည် (အစိတ်အပိုင်း ၂၊ အခန်း ၃၊ အပိုဒ် ၁၈) ။ ပဋိညာဉ်၏ ဦးတည်ချက် များကို ဖြည့်ဆည်းရန် NUCC မှ ချမှတ်ထားသည့် မဟာဗျူဟာများကို (NUG မှ) အကောင်အထည်ဖော်ရာတွင် NUCC နှင့် NUG ၏ ဝန်ကြီးဌာနများအကြား ဆက် သွယ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုရှိစေရန် ထိုကော်မတီများ ဖွဲ့စည်းတည်ထောင်ခြင်း ဖြစ်သည်။

မူလပဋိညာဉ်တွင် ချမှတ်ထားသော ကြားကာလအုပ်ချုပ်မှုအစီအမံများသည် CRPH ၏ ဆုံးဖြတ်ချက်ချနိုင်သောအာဏာနှင့် လုပ်ပိုင်ခွင့်များကို မှေးမှိန်သွားစေသည့်ဟန် မပေါ် သော်လည်း NUCC (ဆိုလိုသည်မှာ CRPH နှင့် အခြားအဓိက သက်ဆိုင်သူများပါဝင်သော)

သည် ဦးဆောင်အာဏာပိုင်အဖွဲ့အဖြစ် ပေါ်ထွက်လာသည်။ ပဋိညာဉ်၏ ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ အားလုံးပါဝင်မှုရှိခြင်း၊ စုပေါင်းခေါင်းဆောင်မှုရှိခြင်းများဖြစ်စေရန် မည်သို့သော တာဝန်ခံမှုပုံစံများ ချမှတ်ထားရှိမည်ဆိုသည့်အပေါ် ကြံဆတွေးတောထားရန် အရေးကြီးသည်။ ဥပမာ ကြားကာလ အစိုးရအဖွဲ့အစည်းများအတွက် လက်ရှိခန့်အပ်ရေး လုပ်ထုံးလုပ်နည်းများတွင် ယခုထက် ပိုမိုများပြားသောအဖွဲ့များကို ထည့်သွင်းပါဝင်နိုင်စေသည့် နည်းလမ်းများရှိသည်။ မတူညီသော အသွင်ကူးပြောင်းရေးကာလအဖွဲ့အစည်းများ မည်ကဲ့သို့ အပြန်အလှန် ချိတ်ဆက်ကြမည်နှင့် လက်တွေ့တွင် ဆုံးဖြတ်ချက်များ မည်သို့မည်ပုံချမှတ်မည်ကို ပဋိညာဉ်တွင် ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသောကြောင့် လုပ်ငန်းဆောင်ရွက်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့် ဆက်နွယ်မှုများကို အချိန်ပေးရေးဆွဲချမှတ်ရန် လိုအပ်သည်။

> **မတူညီသော အသွင်ကူးပြောင်းရေးကာလအဖွဲ့အစည်းများ မည်ကဲ့သို့အပြန်အလှန် ချိတ်ဆက်ကြမည်နှင့် လက်တွေ့တွင် ဆုံးဖြတ်ချက်များ မည်သို့မည်ပုံ ချမှတ်မည်ကို ပဋိညာဉ်တွင် ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသောကြောင့် လုပ်ငန်းဆောင်ရွက်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့် ဆက်နွယ်မှုများကို အချိန်ပေးရေးဆွဲချမှတ်ရန် လိုအပ်သည်။**

အပြီးသတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ထည့်သွင်းရန် ရွေးကောက်ပွဲကော်မရှင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ပြင်ဆင်တည်းဖြတ်ထားသော ပဋိညာဉ်တွင် ဖော်ပြထားသော်လည်း ဤကြားကာလအတွင်း အဆိုပါ အဖွဲ့အစည်းများအား ဖွဲ့စည်းမည့်ပုံမတွေ့ရပါ။ သတိပြုရမည်မှာ အစိတ်အပိုင်း ၂ အခန်း ၇ တွင် NUG အစိုးရမှ အသိအမှတ်ပြုသည့် အရပ်ဘက်တရားရုံးများနှင့် ERO များ၏ တရားစီရင်ရေးစနစ်သည် ကြားကာလတရားစီရင်ရေးဖြစ်သည်ဟု (အစိတ်အပိုင်း ၂၊ အခန်း ၇၊ အပိုဒ် ၄၇) ဆိုထားသော်လည်း ယခုအချိန်ထိ မည်သည့်အရပ်ဘက်တရားရုံးမှ NUG က ပေါ်ပေါ်ထင်ထင် အသိအမှတ်ပြုခြင်းမရှိသေးဘဲ ERO များ၏ တရားစီရင်ရေးစနစ်ဆိုသည်မှာလည်း မည်သည်ကိုဆိုလိုကြောင်း ရှင်းလင်းမှုမရှိသေးပေ။ NUG အသိအမှတ်ပြုတရားရုံးများ (၎င်းတို့ပေါ်ပေါက်လာသောအခါ) နှင့် EROs များ၏ တရားစီရင်ရေးစနစ်များသည် ဤကြားကာလအတွင်း တရားဥပဒေစိုးမိုးရေးကို မည်သို့အာမခံမည်ဆိုသည်မှာ မေးခွန်းထုတ်ဖွယ်ရာဖြစ်သည်။ ထို့ကြောင့် ကြားကာလနှင့် အသွင်ကူးပြောင်းရေးကာလတွင် တရားစီရင်ရေးအာဏာ၏ ပုံစံအတိအကျမှာ ဝေဝါးနေဆဲဖြစ်သည်။ အသွင်ကူးပြောင်းရေးကာလတွင် ကြားကာလအဖွဲ့အစည်းများ၏ အာဏာကျင့်သုံးမှုကို စစ်ဆေးရန် တရားစီရင်ရေးယန္တရားများ ချမှတ်ထားခြင်းမရှိသဖြင့် တာဝန်ခံမှုရှိစေရန်နှင့် လူ့အခွင့်အရေးကာကွယ်မှုရှိစေရန် မည်သို့ဆောင်ရွက်မည်နည်းဟု မေးခွန်းထုတ်နိုင်သည်။ ပွင့်လင်းမြင်သာမှု၊ လူထုပါဝင်မှုနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းများ လုံးလုံးလျားလျားမရှိသေးပါ။ ပိုမိုကောင်းမွန်သော ပဋိညာဉ်ဖြစ်စေရေးအတွက် ခိုင်မာသော 'အပြန်အလှန်ထိန်းကျောင်းရေး' ယန္တရားများနှင့် အားလုံးပါဝင်သောဆုံးဖြတ်ချက်ချမှတ်ရေးဆိုင်ရာ စည်းကမ်းချက်များ ရေးဆွဲချမှတ်ခြင်းဖြင့် ဤပြဿနာများအနက် အချို့ကို ဖြေရှင်းနိုင်သည်။

## ၄။ နိဂုံး

မြန်မာနိုင်ငံသည် မကြုံစဖူး ကသောင်းကနင်းဖြစ်နေသော အချိန်ကာလကို ဖြတ်သန်းနေရပြီး ဒီမိုကရေစီပြည်လည်ထူထောင်ရန်အတွက် စစ်အာဏာသိမ်းမှုကို ထိထိရောက်ရောက်တန်ပြန်ရန် ဆန်းသစ်တီထွင်မှုနှင့် လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်မှု လိုအပ်နေချိန်ဖြစ်သည်။ ထို့ပြင် အာဏာမသိမ်းမီက တည်ရှိခဲ့သော စစ်တပ်နှင့်အာဏာခွဲဝေအုပ်ချုပ်သည့် ပိုနေ

မြဲ ကျားနေမြဲ အခြေအနေသို့ပြန်သွားရန်မှာ မဖြစ်နိုင်ပါ။ မတူကွဲပြားသော ပါဝင်လှုပ်ရှားသူများကြား ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားသည့် ရည်မှန်းချက်မှာ စစ်အာဏာရှင်များ ကြီးစိုးအုပ်ချုပ်သည့် သမိုင်းတစ်ခေတ်ကို ပြတ်ပြတ်သားသားအဆုံးသတ်၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံမူများပေါ်တွင်အခြေခံ၍ တိုင်းပြည်ကိုပြန်လည်ထူထောင်ရန်ဖြစ်သည်။ ထိုသို့ထူထောင်နိုင်ရန်အတွက် မြန်မာစစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်နေကြသည့် အင်အားစုများ ညွန့်ပေါင်းအဖွဲ့ကို အသွင်ကူးပြောင်းရေးကာလတလျှောက် စုစုစည်းစည်းရှိစေရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ မဟာဗျူဟာချမှတ်ဆောင်ရွက်ခြင်းများ လိုအပ်သည်။ ပဋိညာဉ်သည် ထိုသို့လုပ်ဆောင်ရန်အတွက် အရေးကြီးသော အခြေခံအုတ်မြစ်ပင်ဖြစ်သည်။

အသွင်ကူးပြောင်းရေးကာလများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် အစပြုသည့်ကာလများတွင် ကြုံတွေ့ရသည့်အတိုင်း ပေါ်ထွန်းလာသော လှုပ်ရှားဆောင်ရွက်သူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာချုပ်စာတမ်းများ၏ တရားဝင်မှုရင်းမြစ်နှင့် အခွင့်အာဏာအပေါ် မေးခွန်းထုတ်မှုများရှိသလို အာဏာသိမ်းမှုမတိုင်မီက တည်ရှိခဲ့သော ဥပဒေရေးရာမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများ၏ အခြေအနေပေါ်လည်း မေးခွန်းထုတ်မှုများစွာရှိသည်။ ဤမေးခွန်းများအနက်မှအချို့ကို ဖြေဆိုရန်မဖြစ်နိုင်သော်လည်း ပဋိညာဉ်ကိုထုတ်ပြန်ကြေညာလိုက်ခြင်းသည် စစ်အာဏာသိမ်းမှုအပေါ် မြန်မာနိုင်ငံ၏ ဆန့်ကျင်ခုခံမှုနှင့် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများအတွက် ခြေလှမ်းသစ်တစ်ရပ် လှမ်းလိုက်ခြင်းဖြစ်ကြောင်း ရှင်းလင်းထင်ရှားစွာ တွေ့မြင်နိုင်သည်။ စစ်အာဏာရှင်ကိုဆန့်ကျင်သော လှုပ်ရှားပါဝင်သူများအကြား ခိုင်မာကျယ်ပြန့်၍ အားလုံးပါဝင်မှုရှိသည့် မဟာမိတ်အဖွဲ့ ဖွဲ့စည်းရန်အတွက် အခြေခံလိုအပ်ချက်အဖြစ် ပဋိညာဉ်သည် အရေးကြီးသော ယုံကြည်မှုတည်ဆောက်ရေး စာချုပ်စာတမ်းဖြစ်ပြီး ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံစနစ်သို့ ခြေလှမ်းလှမ်းလိုက်ခြင်းပင်ဖြစ်သည်။

ပဋိညာဉ်သည် အမျိုးမျိုးသောအဖွဲ့အစည်း အများအပြားပါဝင်သည့် မဟာမိတ်ဖွဲ့စည်းမှုအတွက် အရှိန်အဟုန်ဖန်တီးပေးနိုင်ခဲ့ပြီး ကြားကာလအစိုးရဖွဲ့စည်းခြင်းအတွက်ပင်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော် အခြေအနေများ ပြောင်းလဲလာသည်နှင့်အမျှ ပြုပြင်ပြောင်းလဲမှုများ လိုအပ်လာနိုင်သည်။ ဤဆန်းစစ်ချက်တွင် အကြံပြုထားသည့်အတိုင်း ကြားကာလအချိန်အတွက် ထည့်သွင်းစဉ်းစားရမည့် အဓိကအရေးကိစ္စအချို့ရှိပြီး ၎င်းတို့တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေခြင်း၏ အကျိုးကျေးဇူးများကို လုံခြုံရေးလိုအပ်ချက်နှင့် ဟန်ချက်ညီစေခြင်း၊ ပဋိညာဉ်အရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းများအကြား အပြန်အလှန်ဆက်ဆံရေးများနှင့် NUG နှင့်ပြည်သူလူထုအကြားဆက်ဆံရေးတို့ ပါဝင်သည်။ ထို့ပြင် ဘုံရန်သူဖြစ်သည့်စစ်တပ်ကို အခြေပြု၍ ပေါ်ပေါက်လာသော ညီညွတ်ရေးသည် ပျက်ပြယ်နိုင်သည် (သို့မဟုတ် စစ်တပ်က ကြံစည်သွေးခွဲခြင်းကြောင့် ပျက်ပြားနိုင်သည်) ကို ထောက်ရှု၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပါ အကြောင်းအရာများနှင့် အဆိုပါဥပဒေသစ်ကို ရေးဆွဲခြင်းလုပ်ငန်းစဉ်အပါအဝင် မြန်မာနိုင်ငံ၏ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေအစီအမံနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်များ လိုအပ်လာသည်ကိုထောက်ရှု၍ လည်းကောင်း အဓိကလှုပ်ရှားပါဝင်သူများအကြား နက်နက်နဲနဲညှိနှိုင်းဆွေးနွေးခြင်း၊ အပြန်အလှန်အလျှော့ပေးခြင်း နှင့် အားလုံးပါဝင်သော သဘောတူညီမှုရရှိရန် အသင့်ပြင်ဆင်ထားခြင်းများ

လိုအပ်လာနိုင်သည်။ဤလုပ်ငန်းစဉ်ကိုမြန်မာပြည်သူလူထုနှင့်၎င်းတို့၏ကိုယ်စားလှယ်များက ဦးဆောင်ရမည်ဖြစ်သော်လည်း တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး အခြေခံဥပဒေသများကို ကာကွယ်စောင့်ရှောက်လျက် နိုင်ငံရေးအရဘက်မလိုက်ခြင်း၊ ဝင်ရောက်စွက်ဖက်မှုမရှိစေခြင်းအခြေခံမှုများ (ကုလသမဂ္ဂ ၂၀၂၀) ကို စေ့စပ်စွာချိန်ညှိပြင်ဆင်ထားသည့် ပြင်ပအကူအညီများသည် အသုံးဝင်ပါလိမ့်မည်။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်သည် စစ်အုပ်ချုပ်ရေးကိုချုပ်ငြိမ်းစေ၍ မတူကွဲပြားမှုထင်ဟပ်စေပြီး သမိုင်းတလျှောက်ရှိခဲ့သော မကျေနပ်မှုများကို ဖြေရှင်းသည့်နည်းဖြင့် တိုင်းပြည်ကို ပြန်လည်တည်ဆောက်လိုသော မြန်မာပြည်သူများ၏ဆန္ဒကို ရေးသားဖော်ပြထားခြင်းပင်ဖြစ်သည်။ ပဋိညာဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုမဟုတ်သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အသုံးမဝင်တော့သော ဖွဲ့စည်းပုံအခြေခံမူဘောင်ကို အစားထိုးပြီး တရားဝင်အာဏာကို ကျင့်သုံးရန်နှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံမူဘောင်သစ်ဆီသို့ လမ်းကြောင်းပုံဖော်ရန်အတွက် တရားဝင်အခြေခံတစ်ခုဖြစ်သည်။ FDC သည် ခက်ခဲသောပြဿနာရပ်များနှင့်စပ်လျဉ်း၍ ဒီမိုကရေစီရေး လှုပ်ရှားဆောင်ရွက်သူများစွာ၏ မကြုံစဖူးသော ညှိနှိုင်းမှုစွမ်းရည်ကို ကိုယ်စားပြုသောကြောင့် ချီးကျူးဖွယ်ကောင်းသည့်အပြင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ပြန်လည်ရရှိသည်ကို မြင်တွေ့လိုသူတိုင်း ကြိုဆို၊ ဂုဏ်ပြု၊ အားပေးထောက်ခံသင့်သည်။ တချိန်တည်းမှာပင် သိသာထင်ရှားသော တရားဥပဒေဆိုင်ရာ မသေချာမရေရာမှုသည် တော်လှန်ရေးကာလ၏ အင်္ဂါရပ်တစ်ရပ်ဖြစ်ပြီး အချိန်အတိုင်းအတာတစ်ခုအထိ တည်ရှိနေနိုင်ဖွယ်ရှိသည်။

ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်သည် စစ်အုပ်ချုပ်ရေးကို ချုပ်ငြိမ်းစေ၍ မတူကွဲပြားမှု ထင်ဟပ်စေပြီး သမိုင်းတလျှောက်ရှိခဲ့သော မကျေနပ်မှုများကို ဖြေရှင်းသည့်နည်းဖြင့် တိုင်းပြည်ကို ပြန်လည်တည်ဆောက်လိုသော မြန်မာပြည်သူများ၏ဆန္ဒကို ရေးသားဖော်ပြထားခြင်းပင် ဖြစ်သည်။


ကြားကာလအဖွဲ့အစည်းများအတွက် နောက်ထပ်အရေးတကြီး စိန်ခေါ်မှုတစ်ရပ်မှာ FDC နှင့် ၎င်းတွင်ဖော်ပြထားသည့် နိုင်ငံတော်သစ်တည်ထောင်မည့်အကြောင်း မြန်မာပြည်သူလူထုထံ ဖြန့်ဝေအသိပေးခြင်းဖြစ်သည်။ ထို့သို့လုပ်ဆောင်ရာတွင် နားလည်ရလွယ်ကူမည့်အပြင် လူတိုင်းလက်လှမ်းမီသောနည်းလမ်းဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး ဆိုရှယ်မီဒီယာပေါ်တွင် စာသားမျှဝေရုံထက် ပိုမိုလုပ်ဆောင်သင့်သည်။ ဗမာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက နှစ်ရှည်လများ မြန်မာပြည်သူအများစု တောင်းဆိုတောင့်တခဲ့ကြသည့် ငြိမ်းချမ်းမှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှု၊ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အဆင့်တိုင်းတွင် ထိရောက်ပြီး တာဝန်ခံမှုရှိသော အဖွဲ့အစည်းများက ဖော်ဆောင်မည်ဟု FDC တွင် ကတိပြုထားသည်။ ကြားကာလတွင် ပြည်သူများအား တတ်နိုင်သမျှ ဝန်ဆောင်မှုများပေးဆောင်ရန် ကြိုးပမ်းလျက် အထက်ပါရည်မှန်းချက်ပြည့်မီရန်အလို့ငှာ ကြားကာလအဖွဲ့အစည်းများ (NUCC၊ CRPH နှင့် NUG) တွင် အမှန်တကယ် မဟာဗျူဟာရှိနေပြီဖြစ်သည့်အတွက် နိုင်ငံသားများအနေဖြင့် ယခုအချိန်တွင် စိတ်ချယုံကြည်နိုင်ပြီဖြစ်သည်။ နွေဦးတော်လှန်ရေးစတင်ချိန်မှစ၍ "ကျွန်ုပ်တို့ဒီမိုကရေစီလိုချင်သည်" ဟု မြန်မာပြည်သူများ တောင်းဆိုနေသည့်အတိုင်း မြန်မာနိုင်ငံကို ပြန်လည်ဖွဲ့စည်းနိုင်သည့် အထူးအခွင့်အရေးဖြစ်သောကြောင့် နိုင်ငံတကာမှ အကူအညီပေးသည့်အဖွဲ့အစည်းများအနေဖြင့် အပြည့်အဝ ပူးပေါင်းပါဝင်သင့်ပါသည်။ ယခု နောက်ဆုံးတွင်တော့ ထိုသို့ဆောင်ရွက်ရန် အစီအစဉ်ရှိနေပြီဖြစ်သည်။

## နောက်ဆက်တွဲ ၁ – (၂၀၂၂ ခုနှစ် မေလအထိ) NUG ဖွဲ့စည်းပုံ


| | |
|---|---|
| **သမ္မတ** | ဦးဝင်းမြင့် (NLD) |
| **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်** | ဒေါ်အောင်ဆန်းစုကြည် (NLD) |
| **ဒုတိယသမ္မတနှင့် ယာယီသမ္မတ** | ဒူဝါလရှီးလ (ကချင်နိုင်ငံရေး ကြားကာလညှိနှိုင်းဆောင်ရွက်မှုအဖွဲ့ – KPICT, ကချင် အမျိုးသားများအတိုင်ပင်ခံအဖွဲ့– Kachin National Consultative Assembly) |
| **ဝန်ကြီးချုပ်** | မန်းဝင်းခိုင်သန်း (NLD) |
| **ပြည်ထောင်စု ဝန်ကြီးများ** | |
| **နိုင်ငံခြားရေးဝန်ကြီးဌာန** | ဒေါ်ဇင်မာအောင် (NLD) |
| **ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန** | ဦးလွင်ကိုလတ် (NLD) |
| **ကာကွယ်ရေး ဝန်ကြီးဌာန** | ဦးရည်မွန် (NLD) |
| **ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန** | ဒေါက်တာလျန်မှုန်းဆာခေါင်း (ချင်းအမျိုးသားတပ်ဦး၊ ကြားကာလချင်းအမျိုးသား အတိုင်ပင်ခံကောင်စီ – ICNCC) |
| **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန** | ဦးတင်ထွန်းနိုင် (NLD) |
| **လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန** | ဒေါက်တာဝင်းမြတ်အေး (NLD) |
| **အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန** | ဒေါက်တာဆာဆာ (NLD) |
| **ပညာရေးဝန်ကြီးဌာန** | ဒေါက်တာဇော်ဝေစိုး (တစ်သီးပုဂ္ဂလ) |
| **ကျန်းမာရေးဝန်ကြီးဌာန** | ဒေါက်တာဇော်ဝေစိုး (တစ်သီးပုဂ္ဂလ) |
| **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန** | ဒေါက်တာတူးခေါင် (KPICT/တစ်သီးပုဂ္ဂလ ) |
| **အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန** | နော်စူစန်နာ လှလှစိုး (NLD) |
| **လူ့အခွင့်အရေးဝန်ကြီးဌာန** | ဦးအောင်မျိုးမင်း (တစ်သီးပုဂ္ဂလ /Equality Myanmar) |
| **ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန** | ထင်လင်းအောင် (တစ်သီးပုဂ္ဂလ)၊ |
| **တရားရေးဝန်ကြီးဌာန** | ဦးသိန်းဦး (NLD)၊ |
| **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | စိုးသူရထွန်း (NLD)၊ |
| **အလုပ်သမားဝန်ကြီးဌာန** | နိုင်ထွန်းဖေ (ခေါ်) နိုင်သုဝဏ္ဏ (မွန်ညီညွတ်ရေးပါတီအဖွဲ့ဝင်ဟောင်း) |
| **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | ခင်မမမျိုး (တစ်သီးပုဂ္ဂလ) |
| **ဒုဝန်ကြီးများ** | |
| **နိုင်ငံခြားရေးဝန်ကြီးဌာန** | ဦးမိုးဇော်ဦး (NLD) |
| **ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန** | ခူးထဘူ (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ)၊ |

| | |
|---|---|
| **ကာကွယ်ရေး ဝန်ကြီးဌာန** | နိုင်ကောင်းရွက် (MSICC) (မွန်ပြည်သစ်ပါတီ အဖွဲ့ဝင်ဟောင်း |
| **ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန** | ဦးချစ်ထွန်း (ကရင်နီအမျိုးသားလွတ်မြောက်ရေးတပ်ဦး) |
| **ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန** | မိုင်းဝင်းထူး (တအာင်းအမျိုးသားပါတီ)၊ |
| **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန** | ဦးမင်းဇေယျာဦး (မွန်ညီညွတ်ရေးပါတီ အဖွဲ့ဝင်ဟောင်း) |
| **လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန** | နော်ထူးဖော (တစ်သီးပုဂ္ဂလ) |
| **အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန** | ခေါင်နော် (KPICT/Independent) |
| **ပညာရေးဝန်ကြီးဌာန** | ဒေါက်တာစိုင်းခိုင်မျိုးထွန်း (တစ်သီးပုဂ္ဂလ)<br>ဂျာထွယ်ပန် (KPICT/Independent) |
| **ကျန်းမာရေးဝန်ကြီးဌာန** | ဒေါက်တာရွှေပုံ (NLD) |
| **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန** | ခွန်ဘီ (ကယန်းအမျိုးသားပါတီ) |
| **အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန** | ဒေါ်အိသဥ္ဇာမောင် (လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ အဖွဲ့ဝင်ဟောင်း) |
| **လူ့အခွင့်အရေးဝန်ကြီးဌာန** | ဗဟာမ်တန် (ကယန်းအမျိုးသားပါတီ) |
| **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | လဖိုင်မော်ထွန်းအောင် (တစ်သီးပုဂ္ဂလ) |
| **အလုပ်သမားဝန်ကြီးဌာန** | ဦးကျော်နီ (မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်)၊ |

## နောက်ဆက်တွဲ ၂ – မြန်မာနိုင်ငံ၏ ကြားကာလစီမံအုပ်ချုပ်မှုအစီအစဉ် ဖွဲ့စည်းပုံ




## နောက်ဆက်တွဲ ၃ – အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ဖွဲ့စည်းပုံ



# ရည်ညွှန်းကိုးကား


BBC, interview with U Lwin Ko Latt, Youtube, 1 April 2021, <https://www.youtube.com/watch?v=piQYtvW6GpQ>, accessed 8 May 2022
(ဦးလွင်ကိုလတ်၏ BBC နှင့်အင်တာဗျူး၊ ဧပြီ ၁၊ ၂၀၂၁)

Cats–Baril, A., *Self–determination*, Constitution Brief (Stockholm: International IDEA, 2018), <https://www.idea.int/sites/default/files/publications/self–determination–constitution–brief.pdf >, accessed 8 May 2022
(Cats–Baril, A., *ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်*၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာတမ်းတို၊ International IDEA၊ စက်တင်ဘာ ၂၀၁၈)

CRPH (Committee Representing the Pyidaungsu Hluttaw), 'Federal Democracy Charter' [Burmese], CRPH Myanmar Official website, 31 March 2021a, <https://crphmyanmar.org/crph010421/>, accessed 8 May 2022
('ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်' (မြန်မာဗားရှင်း)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ – CRPH)

—, 'The declaration of the abolishment of the 2008 Constitution' [Burmese], CRPH Myanmar, Official website, March 31, 2021 b, <https://crphmyanmar.org/crph3103212/>, accessed 8 May 2022
('ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အပြီးသတ် ဖျက်သိမ်းကြောင်းကြေညာခြင်း' (မြန်မာ)၊ CRPH မြန်မာ၊ တရားဝင်ဝက်(ဘ်)ဆိုက်၊ မတ် ၃၁၊ ၂၀၂၁ ခ)

FCDCC (Federal Constitution Drafting and Coordination Committee), 'Constitution of the Federal Republic of the Union of Burma (second draft)', 12 February 2008, <https://www.mmpeacemonitor.org/images/pdf/The–constitution–of–the–federal–republic–of–the–union–of–burma–second–draft.pdf>, accessed 8 May 2022
(ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း)၊ ၁၂ ဖေဖော်ဝါရီ ၂၀၀၈)

International IDEA, 'Proposals for Constitutional Change in Myanmar from the Joint Parliamentary Committee on Constitutional Amendment: International IDEA Interim Analysis, 2019, <https://constitutionnet.org/vl/item/proposals–constitutional–change–myanmar–joint–parliamentary–committee–constitutional>, accessed 8 May 2022
(ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ပူးပေါင်းကော်မတီမှတဆင့် မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ အဆိုပြုချက်၊ International IDEA ၏ ကြားကာလလေ့လာ ဆန်းစစ်ချက်၊ ၂၀၁၉)

*Irrawaddy*, 'Shadow Government Outlines Federal Union Plan for Myanmar's future', 5 April 2021, <https://www.irrawaddy.com/news/burma/shadow–government–outlines–federal–union–plan–myanmars–future.html>, accessed 8 May 2022
('Shadow အစိုးရမှ မြန်မာ့အနာဂတ်အတွက် ဖက်ဒရယ်ပြည်ထောင်စု အစီအစဉ်များ ချမှတ်'၊ ၅ ဧပြီ၊ ၂၀၂၁)

Legal Aid Network, 'Paper on reviewing Federal Democracy Charter drafted by CRPH' [Burmese], 31 March 2021, <https://drive.google.com/file/d/1dpPeuJHR6JoNAyjs1VNqiKVajOc2BFL9/view?usp=sharing>, accessed 8 May 2022
(ဥပဒေအထောက်အကူပြုကွန်ရက် ၏ 'CRPH က ထုတ်ပြန်ရန်ရှိသော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အပေါ် သုံးသပ်ချက်စာတမ်း'၊ ၃၁ မတ်၊ ၂၀၂၁)

Noel, T., *Unconstitutionality of the 2021 Military Coup in Myanmar*, Constitution Brief (Stockholm: International IDEA, 2022), < https://www.idea.int/sites/default/files/publications/unconstitutionality–of–the–2021–military–coup–in–myanmar.pdf>, accessed 8 June 2022
(Noel, T. ၏ '*မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၌ ဖြစ်ပွားခဲ့သည့် စစ်အာဏာသိမ်းမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိခြင်း*'၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစာတမ်းတို၊ International IDEA၊ မတ် ၂၀၂၂)'

United Nations, 'Guidance note of the Secretary–General on United Nations Constitutional Assistance', September 2020, <https://peacemaker.un.org/sites/peacemaker.un.org/files/SG%20Guidance%20Note%20on%20Constitutional%20Assistance_2.pdf>, accessed 8 May 2022
('အထွေထွေအတွင်းရေးမှူးချုပ်၏ လမ်းညွှန်မှတ်စု၊ ကုလသမ္မဂ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအကူအညီပေးရေးအစီအစဉ် ကုလသမ္မဂ၊ စက်တင်ဘာ ၂၀၂၀)

VOA News, interview with NUG Federal Minister for Foreign Affairs Dr Lian Hmung Sa Kaung, 20 April 2021, <https://burmese.voanews.com/a/interview–with–nug–minister–of–federal–union–affairs–dr–lian–hmung–sakhong/5859976.html>, accessed 8 May 2022
(NUG ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီး ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် ဆက်သွယ်မေးမြန်းချက်၊ VOA၊ ၂၀ ဧပြီ၊ ၂၀၂၁)

Women of Burma, 'Announcement of the National Unity Consultative Council – NUCC', 16 November 2021, <https://www.womenofburma.org/sites/default/files/2021–11/NUCC–Statement–En.pdf>, accessed 8 May 2022
('အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ သတင်းထုတ်ပြန်ချက်'၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)– WLB၊ နိုဝင်ဘာ ၁၆၊ ၂၀၂၁)

Zulueta-Fulscher, K., *Interim Constitutions: Peacekeeping and Democracy-Building Tool*, (Stockholm: International, 2015), <https://www.idea.int/sites/default/files/publications/interim-constitutions-peacekeeping-and-democracy-building-tools.pdf>, accessed 8 June 2022
(Zulueta-Fulscher, K. *ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ*၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ဒီမိုကရေစီတည်ဆောက်ရေးကိရိယာများ၊ International IDEA မူဝါဒစာတမ်း၊ အောက်တိုဘာ ၂၀၁၅)

**© ၂၀၂၂ ခုနှစ်၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီ ပေးရေး နိုင်ငံတကာအဖွဲ့**

International IDEA ၏ ထုတ်ဝေမှုများသည် နိုင်ငံများ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အကျိုးစီးပွားများနှင့် သီးခြားလွတ်ကင်းသည်။ ဤထုတ်ဝေမှုတွင် ဖော်ပြထားသည့် ရှုမြင်ချက်သဘောထားများသည် International IDEA၊ ၎င်း၏ဘုတ်အဖွဲ့ သို့မဟုတ် ၎င်း၏ ကောင်စီဝင်များ၏ ရှုမြင်ချက်သဘောထားများဟု အဓိပ္ပါယ် သက်ရောက်ခြင်းမရှိပါ။

ဤထုတ်ဝေမှု၏ အီလက်ထရောနစ်မူကို Creative Commons Attribution–NonCommercial– ShareAlike 3.0 (CC BY–NC–SA 3.0) လိုင်စင်ဖြင့် ရယူနိုင်သည်။ စီးပွားရေးအတွက် အသုံးပြုခြင်း မဟုတ်ဘဲ ဤထုတ်ဝေမှု၏ မူရင်းအကြောင်း သင့်လျော်ပြည့်စုံစွာဖော်ပြ၍ ဤတွင်ပါရှိသည့် လိုင်စင်အတိအကျနှင့်အညီ ဖြန့်ဝေခြင်းဖြစ်ပါက ဤထုတ်ဝေမှုကို မိတ္တူကူးခြင်း၊ ဖြန့်ဝေခြင်းနှင့် ပေးပို့ခြင်းတို့အပြင် လိုအပ်သလို ဖြတ်တောက်အသုံးပြုခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။ ဤလိုင်စင်နှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုပါက http://creativecommons.org/licenses/by-nc-sa/3.0/ ကို ကြည့်ပါ။

စာအုပ်ဒီဇိုင်း – International IDEA
ISBN : 978–91–7671–545–1 (PDF)
DOI : <https://doi.org/10.31752/idea.2022.26>

**International IDEA**
စတွန်းစ်ဘောဂ်
SE– ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
+၄၆၈ ၆၉၈၃၇၀၀
info@idea.int
www.idea.int

## International IDEA အကြောင်း

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေးနိုင်ငံတကာအဖွဲ့ (International IDEA) သည် ဒီမိုကရေစီကို လူသားတို့၏ ဘုံရည်မှန်းချက်နှင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းတစ်ခုအဖြစ် ကမ္ဘာတဝန်းတွင်မြှင့်တင်ရန် ရည်မှန်းချက်ချကာ လုပ်ငန်းဆောင်ရွက်သော အစိုးရများအကြား ချိတ်ဆက်ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ဒီမိုကရေစီနည်းကျ နိုင်ငံရေးအင်စတီကျူးရှင်းများနှင့် လုပ်ငန်းစဉ်များကို အဆင့်အသီးသီး၌ တည်ဆောက်ခြင်း၊ ခိုင်မာလာစေရန်အားဖြည့်ခြင်းနှင့် ဘေးဆီးရန်ကာခြင်းတို့အတွက် ထောက်ပံ့ကူညီပေးခြင်းဖြင့် လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့၏ မျှော်မှန်းချက်ရူပါရုံမှာ ဒီမိုကရေစီနည်းကျလုပ်ငန်းစဉ်များ၊ ပါဝင်လုပ်ဆောင်သူများနှင့် အင်စတီကျူးရှင်းများတွင် အားလုံးအကျုံးဝင်ပါဝင်မှုနှင့် တာဝန်ခံမှုရှိကာ ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို လူသားအားလုံးအတွက် ဆောင်ကြဉ်းဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာလောကတစ်ရပ်ပင် ဖြစ်ပါသည်။

### ကျွန်ုပ်တို့၏ လုပ်ငန်းများ

ကျွန်ုပ်တို့သည် လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကနယ်ပယ်သုံးခုကို အလေးထားဆောင်ရွက်ပြီး ၎င်းတို့မှာ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ကျင့်သုံးခြင်း လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ခြင်းနှင့် ကိုယ်စားပြုပါဝင်ခြင်းတို့ ဖြစ်ပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်သည့် နယ်ပယ်များအားလုံးတွင် ကျား–မ ရေးရာနှင့် အားလုံးအကျုံးဝင်ပါဝင်မှု၊ ပဋိပက္ခအားထည့်သွင်းတွက်ချက် ဆောင်ရွက်ခြင်းနှင့် ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြောင်းအရာများကို တစိုက်မတ်မတ် ထည့်သွင်းဆောင်ရွက်ပါသည်။

International IDEA သည် ကမ္ဘာတဝန်းနှင့် ဒေသတွင်း ဒီမိုကရေစီဆိုင်ရာ ဦးတည်လမ်းကြောင်းများအား စိတ်ဖြာခွဲခြမ်းမှုများ လုပ်ဆောင်ခြင်း၊ ဒီမိုကရေစီနည်းကျ အလေ့အထများအပေါ် နှိုင်းယှဉ်လေ့လာချက် အသိပညာများဖန်တီးခြင်း၊ ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်များတွင် ချိတ်ဆက်လုပ်ဆောင်နေသည့် ပါဝင်ဆောင်ရွက်သူများအား ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ နည်းပညာအထောက်အပံ့ပေးအပ်ခြင်းနှင့် စွမ်းရည်မြှင့်တင်ပေးခြင်း၊ ဒီမိုကရေစီ နှင့် ဒီမိုကရေစီတည်ဆောက်ခြင်းဆိုင်ရာ လူထုအကြားဆွေးနွေးငြင်းခုံခြင်းနှင့် သက်ဆိုင်ဆက်နွှယ်သည့် အရေးပြဿနာများအတွက် ဆွေးနွေးပွဲများ စီစဉ်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

### ကျွန်ုပ်တို့ လုပ်ငန်းဆောင်ရွက်ရာ နေရာများ

ကျွန်ုပ်တို့၏ ရုံးချုပ်မှာ Stockholm တွင် တည်ရှိပြီး အာဖရိက၊ အာရှနှင့် ပစိဖိတ်၊ ဥရောပ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသတို့တွင်လည်း ဒေသတွင်းနှင့် နိုင်ငံတွင်းရုံးများကို ဖွဲ့စည်းလည်ပတ်လျက် ရှိပါသည်။ International IDEA သည် ကုလသမဂ္ဂအတွက် အမြဲတမ်းစောင့်ကြည့်ပါဝင်သူဖြစ်ပြီး ဥရောပသမဂ္ဂ အင်စတီကျူးရှင်းများ၌လည်း ပါဝင်ဆောင်ရွက်သည်။

<https://www.idea.int>